# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၈၄)


**ဒို့တာဝန်အရေး(၃)ပါး**

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အခက်အခဲ၊ အကျပ်အတည်းအမျိုးမျိုးကြုံတွေ့ရမည်ကို ကြိုတင်မျှော်မှန်းထား အစိုးရ၏ ဆောင်ရွက်နေမှုအားလုံးသည် ပြည်သူများ၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးရန်ဖြစ်

## ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် ရောက်ရှိလာအောင် မိမိတို့ အစွမ်းကုန်ကြိုးစားသွားမည်



**နေပြည်တော် ဇူလိုင် ၁၄**

အမေရိကန် - အာဆီယံ စီးပွားရေးဖိုရမ်သို့ တက်ရောက်လာသူများအား အမေရိကန်-အာဆီယံစီးပွားရေးကောင်စီနှင့် အမေရိကန်-အာဆီယံကုန်သည်ကြီးများအသင်းက ဂုဏ်ပြုညှော်ခံသည့် ညစာစားပွဲကို ဇူလိုင် ၁၃ ရက် ည ၇ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့ Hotel Le Meridien Angkor ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ (ဝဲပုံ)

*စာမျက်နှာ ၈ ကော်လံ ၁ ✻*

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံ

## ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်ဆံရေးတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီကလင်တန်တို့သည် ဇူလိုင် ၁၃ ရက် ညနေ ၆ နာရီ ၃၅ မိနစ်တွင် ဆီရမ်ရိမြို့ Hotel Le Meridien Angkor ဟိုတယ်၌ တွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် Hotel Le Meridien Angkor ဟိုတယ်သို့ ရောက်ရှိလာရာ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီကလင်တန်က ဟိုတယ်ပန်းခြံအတွင်းမှ ခရီးဦးကြိုဆို၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး မြန်မာ-အမေရိကန် နှစ်နိုင်ငံအလံရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့သည် ဟိုတယ် Meeting Room ၌ တွေ့ဆုံဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး၌ အပြန်အလှန် ယုံကြည်မှု၊ နားလည်မှုနှင့် လေးစားမှုများကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်နှင့် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချိုထွန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Campbell၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံအမတ်ကြီး မစ္စတာ ဒဲရစ်ဂျိမ်းစ် မစ်ချယ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီကလင်တန်က Hotel Le Meridien Angkor ဟိုတယ်ပန်းခြံအတွင်းမှ ခရီးဦးကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)


**မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ**


မြန်မာတို့၏ လက်ရာ ထန်းပစ္စည်းများ — စာ - ၃


ရာသီအကြို ခြေစမ်းပွဲများ ယှဉ်ပြိုင် မန်စီးတီးတို့ ရှုံးပွဲနှင့်ရင်ဆိုင်ခဲ့ရ — စာ ၇


ရွှေစက်တော် ဘေးမဲ့တောမှ ကြယ်လီပ်များ — စာ ၉


ဆေးဖက်ဝင်ပြောင်းဖူး ဈေးကွက်ဝင် အရောင်းသွက် — စာ - ၁၁

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၁၅ ရက်)

# အောင်မြင်သူများကို အားကျမိခြင်း

ယနေ့ တိုးတက်အောင်မြင်ကျော်ကြားနေကြသူများသည် တစ်ချိန်က အောင်မြင်သူများကို အားကျပြီး ကြိုးစားခဲ့ကြသူများဖြစ်သည်ဟုဆိုလျှင် မည်သူမျှ ငြင်းနိုင်ကြလိမ့်မည်မဟုတ်ပေ။ ဝေဟင်ထဲသို့ ခရီးမိုင်ချီ ပျံသောငှက်များကို အားကျပြီး ငါတို့လူသားများလည်း ငှက်များကဲ့သို့ပျံသန်းနိုင်လျှင် ကောင်းလေစွဟု စိတ်ကူးနှင့်အားကျမိရာက ယနေ့ လေယာဉ်ပျံများဖြစ်ပေါ်လာရသည်ဟု ဆိုကြ၏။

ထို့ကြောင့် အားကျကြိုးစားခြင်းသည် အောင်မြင်မှု၏ ပထမဆုံးခြေလှမ်းပင်ဖြစ်၏။ ပညာတတ်ဖြစ်ချင်သူများသည် ပညာတတ်သူများကို အားကျကြိုးစားခဲ့ခြင်းကြောင့် ပညာတတ်များဖြစ်လာကြခြင်းဖြစ်သည်။ အစ်ကိုဖြစ်သူက တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးခြောက်ဘာသာနှင့်အောင်၍ ဆေးကျောင်းတက်ပြီး ဆရာဝန်ဖြစ်ခဲ့သဖြင့် ညီဖြစ်သူကလည်း အားကျကြိုးစားခဲ့ခြင်းကြောင့် ဆရာဝန်ဘွဲ့ရသူများစွာရှိ၏။ အစ်မလုပ်သူက ဆရာဝန်ဘွဲ့ရ၍ ညီမဖြစ်သူလည်း အစ်မဖြစ်သူကို အားကျကြိုးစားခဲ့သဖြင့် ဆရာဝန်ဘွဲ့ရသူများစွာရှိ၏။

အလားတူ သူဌေးဖြစ်ချင်သူများက သူဌေးဖြစ်နေသူများကို အားကျကြိုးစားသဖြင့် သူဌေးများဖြစ်လာကြသည်။ ဤနေရာတွင် မိဘစီးပွားလက်ငုတ်လက်ရင်းကို အမွေဆက်ခံပြီး အားကျကြိုးစားခြင်းကြောင့်သော်လည်းကောင်း၊ သူငယ်ချင်းအပေါင်းအသင်းတို့၏ အောင်မြင်သောစီးပွားရေးကို အားကျကြိုးစား၍သော်လည်းကောင်း သူဌေးဖြစ်လာသူများစွာ ရှိလေသည်။ တစ်ဖန် အစ်ကိုဖြစ်သူက ရာထူးကြီးမားစွာရရှိထားသဖြင့် ညီဖြစ်သူလည်း အားကျကြိုးစားမိ၍ ရာထူးကြီးစွာရတတ်လေသည်။

ယုတ်စွအဆုံး ယနေ့ခေတ်ရေပန်းစားနေသော ရုပ်ရှင်၊ ဂီတနယ်ပယ်တို့၌ပင် အချို့သည် အဖေလုပ်သူက အောင်မြင်သော သရုပ်ဆောင်ဖြစ်လျှင် သားဖြစ်သူလည်း အမွေဆက်ခံကြလေ့ရှိသည်။ အမေလုပ်သူက အဆိုတော်ဖြစ်လျှင် သမီးဖြစ်သူလည်း အဆိုတော်အမွေကို ဆက်ခံလေ့ရှိတတ်သည်။ ဤသည်တို့သည်ကား ရှေ့ဆောင်လမ်းပြသူများကို အားကျကြိုးစားခဲ့ခြင်းကြောင့် အောင်မြင်မှုအမွေကိုဆက်ခံနေကြခြင်းဖြစ်၏။ ထို့ကြောင့် အောင်မြင်သူများစွာတို့သည် ရှေ့၌အောင်မြင်သူများကို အားကျပြီးကြိုးစားခဲ့၍သာ အောင်မြင်နေကြသည်။

အချို့သော သူများမှာ မိမိကိုယ်တိုင်လည်း ကြိုးစားအားထုတ်ခြင်းမရှိ၊ သူများကိုလည်း အားကျကြိုးစားခြင်းလည်း မရှိသဖြင့် အောင်မြင်မှုပန်းတိုင်နှင့် ဝေးခဲ့ကြရသည်။ အမှန်စင်စစ် တစ်ခုခုကို အားကျကြိုးစားမှသာလျှင် အောင်မြင်မှုလမ်းစသစ်များ တွေ့ရှိလာနိုင်ပေမည်။

သို့ရာတွင် အတုယူအားကျကြိုးစားကြဟုဆိုသော်လည်း မကောင်းသောအရာများကို အားမကျမိစေရန် သတိချပ်သင့်ပေသည်။ လူငယ်အများစုသည် မကောင်းသော အမှုကိစ္စတို့၌ အားကျလွယ်တတ်၏။ ဥပမာ အရက်သေစာသောက်စားခြင်း၊ ဆေးလိပ်သောက်ခြင်း စသော မကောင်းမှုကိစ္စတို့တွင် အားကျမှုလွယ်တတ်၏။ ဤသို့အားကျခြင်းသည် မိမိအတွက် အောင်မြင်မှု၊တိုးတက်မှု မရနိုင်သည့်အပြင် ဆုတ်ယုတ်မှုပင်ဖြစ်နိုင်သေး၏။ ထို့ကြောင့် ကောင်းသောအမှုတို့၌ အားကျခြင်းသည်သာလျှင် အားကျမှုမှန်၏။

သို့ဖြစ်၍ လူတို့အနေဖြင့် အောင်မြင်မှုတစ်ခုခုကိုရလိုလျှင် ရှေ့၌အောင်မြင်သူများ၏ နည်းနာကို ခံယူလျက် အားကျကြိုးစားသင့်ပေသည်။ အားကျကြိုးစားခြင်းသည် အောင်မြင်မှု၏အစဖြစ်သည်။ အားကျကြိုးစားခြင်းသည် အောင်မြင်မှု၏ လမ်းပြလည်းဖြစ်ပေသည်။ အထူးသဖြင့် လူငယ်များသည် အောင်မြင်သူများကို အားကျအတုယူ၍ တိုးတက်ကြီးပွားရန် ကြိုးစားသင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။



## စုပေါင်းသစ်ပင်စိုက်

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၃) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားကို ဇူလိုင် ၈ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးသူဇာနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။

(မြို့နယ်သစ်တော)

# ပျဉ်းမနားမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၄

ပေါင်းလောင်း ဘောဂဝတီရပ်၌ နေပြည်တော်ကောင်စီ၏အစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသော မြို့နယ်အားကစားကွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်းသည် ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်တင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၅ ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** ယင်းနောက် ရွှေချီရပ်ကွက် ခေမာသီဝံဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသော လူငယ်ပရဟိတဂေဟာကို လည်းကောင်း၊ ပျဉ်းမနားဘိုးဘွားရိပ်သာကိုလည်းကောင်း၊ သစ်လေးလုံးကျေးရွာ ဓမ္မလင်္ကာရာဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသော မြတ်ဆုမွန် ပရဟိတဂေဟာနှင့် နတ်သူရဲကျေးရွာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ထွေ/အုပ်)**



# စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အင်းစိန်မြို့နယ်၌ဖွင့်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ ပြည်သူများ ဗဟုသုတ တိုးပွားစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ပေါ်ထွက်လာစေရန်ရည်ရွယ်လျက် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၁/၂၀၁၂) ဖွင့်ပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံခန်းမ၌ ကျင်းပရာ အင်းစိန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ အင်းစိန်မြို့နယ် (၂၁) ရပ်ကွက်မှ စာကြည့်တိုက်မှူး၊ တွဲဖက်စာကြည့်တိုက်မှူးများ၊ ကျောင်းစာကြည့်တိုက်မှ ဆရာ ဆရာမများ စိတ်ပါဝင်စားသူ စာပေဝါသနာရှင်များ တက်ရောက်ကြပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်သီတာဦး၊ မြို့နယ်ဦးစီးမှူးများ ဖြစ်ကြသော ဒေါ်ခင်နှင်းကြည်၊ ဒေါ်သန်းသန်းလှ၊ ဒေါ်စုစုလှိုင်၊ ဒေါ်ခင်ငြိမ်းငြိမ်း၊ ဦးထိန်လင်းတို့က စာကြည့်တိုက်နှင့်ပတ်သက်သောပညာရပ်များကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

# အရန်သားဖွားဆရာမ သင်တန်းဖွင့်

ချောက် ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် လေ့ကျင့်ပို့ချပေးသော အရန်သားဖွားဆရာမသင်တန်း(၁/၂၀၁၂) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကျော်မင်းက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဆန်းလွင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက သင်တန်းသူများအတွက် ဝတ်စုံများထောက်ပံ့ပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံယူခဲ့သည်။ အဆိုပါ အရန်သားဖွားသင်တန်းကို သုံးလကြာစာတွေ့ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင်ကျန်းမာရေး)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ကျင်းပ

ဖန်းမော် ဇူလိုင် ၁၄

(၁၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် သဝဏ်လွှာကို ဗန်းမော်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဗန်းမော်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မျိုးသိန်းက ဖတ်ကြားပြီးနောက် ဟောပြောပွဲဆက်လက်ကျင်းပခဲ့သည်။

ထို့နောက် ဗန်းမော်ခရိုင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ပန်းချီ၊ ကာတွန်း၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

**ဗန်းမော်မူးယစ်(အထူး)အဖွဲ့**

# မန်စီမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

မန်စီ ဇူလိုင် ၁၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် ၂၀၁၂ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီက ဗန်းမော်-မန္တလေးကားလမ်းဘေး မိုင်တိုင်အမှတ် (၁၁/၀) အနီး၌ကျင်းပရာ မန်စီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကြိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး မောင်မောင်ညွန့်၊ မန်စီမြို့နယ်သစ်တောဦးစီးဌာနမှူး ဦးရဲထွေးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ ရင်းမာ၊ ပိတောက်၊ မဟော်ဂနီ၊ ယူကလစ်နှင့်ခရေပင် စုစုပေါင်းအပင် ၁၂၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(မြို့နယ်သစ်တော)**

# အခွန်ပေးဆောင်ရေး မုံရွာ၌ ပညာပေးဆွေးနွေး

မုံရွာ ဇူလိုင် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန မုံရွာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ စတိုးဆိုင်များ၊ ကုန်တိုက်ကြီးများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်ကြီးများအပေါ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ စည်းမျဉ်း၊ ပြဋ္ဌာန်းချက်များအရ အခွန်ပေးဆောင်ရေး ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးညွန့်စိုးက အမှာစကားပြောကြားပြီးနောက် မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးကျော်လွင်ထူးက စားသောက်ဆိုင်များတွင် ပြေစာများ၊ စာရင်းစာအုပ်များထားရှိပြီး လုပ်ငန်းများ၏ ဝန်ဆောင်မှုရငွေများ၊ ရောင်းရငွေများ မှန်မှန်ကန်ကန်ရေးသွင်းတင်ပြရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဦးစီးအရာရှိ ဒေါ်ခင်အေးမြင့်က စတိုးဆိုင်၊ ကုန်တိုက်ကြီးများနှင့်ပတ်သက်၍ အခွန်ပေးဆောင်ရေးကိစ္စများ ရှင်းလင်းဆွေးနွေးပြီး အခွန်ထမ်း ပြည်သူများသို့ သိမှတ်ဖွယ်ရာ လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်အခွန်ဦးစီးဌာန)**

# ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် ဇူလိုင် ၁၄

ချင်းတွင်းမြစ်ကူး(ဆင်ဖြူရှင်တံတား)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့်(၁၂)အကြားမှ သတ်မှတ်ဖွင့်လှစ်ထားသည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေစီးနှုန်းနှင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၁၆ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၀)နှင့်(၁၁)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၉)နှင့် (၁၀)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄ မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၁ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

## သတိပေး

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးချက် ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ပုလဲသွယ်စပ်မျိုးစပါးပျိုးထောင်နည်း သရုပ်ပြ

သံတွဲ ဇူလိုင် ၁၄

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့၏ ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါး ပေါင်စနစ်ဖြင့် ပျိုးထောင်နည်းလက်တွေ့သရုပ်ပြပွဲကို ဇူလိုင် ၄ ရက် နံနက် ၈ နာရီက အံတော်ကျေးရွာ တောင်သူဦးမှတ်ကြီး၏ လယ်ယာမြေ၌ ကျင်းပသည်။ **(အောက်ပုံ)**

သရုပ်ပြပွဲသို့ ခရိုင်မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၊ မြို့နယ်အတွင်းမှ စပ်မျိုးစပါးစိုက်ပျိုးမည့်လယ်သမားများ တက်ရောက်ကြပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိုင်းစိန်က ပေါင်ဖော်ပျိုးထောင်နည်း အဆင့်ဆင့်ကိုရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်ထွန်းခိုင်နှင့်ဝန်ထမ်းများက ပေါင်ဖော်ပျိုးထောင်နည်းကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရှိရသည်။ **(ခရိုင်စိုက်ပျိုးရေး)**





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဆီရမ်ရိမြို့တော်ဝန် H.E. Mr. Sou Phirin နှင့် တာဝန်ရှိသူများက ဆီရမ်ရိမြို့လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# သံအမတ်ကြီး ဦးတင့်ဆွေအား ဟယ်လင်းနစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇူလိုင် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင့်ဆွေအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဟယ်လင်းနစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)



ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမြို့နယ် (၃၂၅) မြို့နယ်မှ မြို့နယ်အင်ဂျင်နီယာများ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ၆၀ တို့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆီရမ်ရိမြို့၌ကျင်းပမည့် အမေရိကန်-အာဆီယံစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ကျင်းပမည့် အမေရိကန်-အာဆီယံစီးပွားရေးဖိုရမ်သို့တက်ရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင် ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့သို့ ထွက်ခွာသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များလိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဆီရမ်ရိမြို့လေဆိပ်သို့ရောက်ရှိရာ ဆီရမ်ရိမြို့တော်ဝန် H.E. Mr. Sou Phirin နှင့် တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချို့ထွန်းအောင်နှင့်သံရုံးမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆီရမ်ရိမြို့ရှိ ခေတ္တတည်းခိုမည့် Sokha Angkor Resort Hotel သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

# ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမြို့နယ် (၃၂၅) မြို့နယ်မှ မြို့နယ်အင်ဂျင်နီယာများ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ၆၀ တို့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်အမှာစကားပြောကြားရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် အဆောက်အအုံအထူးအဖွဲ့ ရှစ်ဖွဲ့၊ လေယာဉ်ကွင်းအထူးအဖွဲ့ ရှစ်ဖွဲ့၊ လမ်းအထူးအဖွဲ့ ၁၆ ဖွဲ့၊ တံတားအထူးအဖွဲ့ ၁၆ ဖွဲ့၊ အထူးစီမံကိန်းကြီးအဖွဲ့ ငါးဖွဲ့၊ အဖွဲ့ခွဲ ငါးဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် ၁၆ ခု၊ ခရိုင်အဖွဲ့ ၆၉ ဖွဲ့၊ မြို့နယ်အဖွဲ့ ၃၂၅ ဖွဲ့၊ မြို့နယ်ခွဲ ၈၂ မြို့နယ်ခွဲတို့ဖြင့် ဖွဲ့စည်းထားပြီး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ အဆောက်အအုံ၊ လေယာဉ်ကွင်း လမ်း၊တံတားများကောင်းမွန်စေရန် အဆင့်မြှင့်တင်ခြင်းအပိုင်း၊ ပြင်ဆင်ထိန်းသိမ်းမှုအပိုင်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ မိမိမြို့နယ်အတွင်းရှိလမ်းများ ရေရှည်တည်တံ့စေရန်နှင့် ပျက်စီးမှုလျော့နည်းစေရန် တန်ပိုတားဆီးရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ရန်၊ B.O.T လမ်းအပိုင်းများသည် မိမိဌာနပိုင်လမ်းဖြစ်သည့်အတွက် လမ်းတိုးတက်ကောင်းမွန်အောင် အမြဲမပြတ် ကြီးကြပ်ပြီး ဆောင်ရွက်သွားရန်၊ မြို့နယ်အဆင့်အလိုက် စက်၊ ယာဉ်ယန္တရားများကိုလည်း လုပ်ငန်း လိုအပ်ချက်အလိုက် ခွဲဝေပေးထားပြီးဖြစ်ရာ လမ်းများ စံချိန်စံညွှန်းပြည့်မီရေးအတွက် ကျောက်အရည်အသွေး မှန်ကန်စေရေး၊ ကတ္တရာများ၊ စက်သုံးဆီများကို အလေအလွင့်မရှိအောင် စနစ်တကျအသုံးပြုရေး တာဝန်ခံအင်ဂျင်နီယာများမှ ကြပ်မတ်ဆောင်ရွက်သွားရန်၊ ဘဏ္ဍာငွေကြေးများကိုလည်း လုပ်ငန်းအလိုက် စနစ်တကျစိစစ်သုံးစွဲရန်၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတာဝန်ကျရာ ဒေသများတွင် ပေးအပ်သော တာဝန်များကို ကျေပွန်စွာကြိုးစားလုပ်ကိုင်ရန်၊ အင်ဂျင်နီယာလုပ်ငန်းများတွင် နည်းပညာများ တိုးတက်အောင်ဆောင်ရွက်ရန်၊ ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်သွားကြရန်တို့ကို မှာကြားပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့ကွက်သစ် ဖော်ထုတ်ရေးကိစ္စများ ပီပီပြင်ပြင် ဝင်ရောက်လုပ်ကိုင်ရေးတို့ကိုလည်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် အဝတ်အထည်များ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၄

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ဒေါ်သန်းသန်းဝင်းမိသားစုနှင့် စေတနာရှင်များက ငွေကျပ်ခုနစ်သိန်းနှစ်သောင်း တစ်ထောင့်ခြောက်ရာ၊ လီစိန်ဟောင် လီပန်ဗုဒ္ဓဘာသာဘုရားကျောင်း လသာမြို့နယ်က ငွေကျပ်ငါးသိန်း၊ ဦးကျော်ထွန်းအောင်-ဒေါ်စီစီကေး(Happy World) မိသားစုက ငွေကျပ်ငါးသိန်း တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ ဦးအောင်သင်း-ဒေါ်တင်စောမူ၊ သားသမီးမြေးများ၊ ဦးအောင်ကျော်မြင့်၊ ဒေါ်ဖြူဖြူမြင့်နှင့် မောင်လေးသိန်းထွန်းအောင်နှင့် ဦးသိန်းဝင်းအောင်(ဝင်းစပါယ်ရောင်းဝယ်ရေး)တို့က ငွေကျပ်တစ်သိန်းစီ၊ မစုယမင်း၊ မဖြူမာသိမ့်က ငွေကျပ်ငါးသောင်းနှင့် အဝတ်အထည်ငါးထုပ်၊ ကယားပြည်နယ် မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များက ငွေကျပ်ငါးသောင်း၊ ဦးစိုးတင် - ဒေါ်ထွေးကြင်၊ ဖုန်းပြည့်လျှံမှ ငွေကျပ်ငါးသောင်းနှင့် အဝတ်အထည် တစ်ထုပ်၊ ဦးစိန်ဟန်-ဒေါ်ဆွေနေပြည်တော်က ငွေကျပ်ငါးသောင်း၊ မေဦးစီး(ခ) မဖြိုးပြည့်ပြည့်စံမိသားစုက ငွေကျပ်ငါးသောင်း၊ ဦးအောင်သန်း-ဒေါ်စန်းရီက အဝတ်အထည်တစ်ထုပ်၊ ဦးသိန်းဟန်-ဒေါ်ခင်မာကြူက အဝတ်အထည်တစ်ထုပ်၊ ဦးတင်ထွန်း-ဒေါ်ခင်ဌေးဦးက အဝတ်အထည်လေးထုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ (ဝဲပုံ) မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျေးဇူးတင်စကားပြောကြားသည်။ ယနေ့အထိ အလှူငွေရရှိမှုမှာ ငွေ ၂၈၇၈၂၅၅၂၃ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ပညာပေးဟောပြော

ဇူလိုင် ၁၀ ရက်က လယ်ဝေးမြို့နယ်၌ အခွန်ပညာပေးဟောပြောပွဲကို လယ်ဝေးမြို့ အထက(၁)နှင့် အထက(၂)ကျောင်းများ၏ခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများအား ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဉာဏ်မြင့်က အခွန်ပညာပေးဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

# မြန်မာတို့၏လက်ရာ ထန်းပစ္စည်းများ

## သတင်းထောက်ညွှန့်ရွှေ

ထန်းပင်တစ်ပင်သည် လူသားတို့အတွက် အမျိုးမျိုးအဖုံဖုံ အကျိုးကျေးဇူးပြုလျက်ရှိသည်။ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်နှင့်ညောင်လွန့်ကျေးရွာအကြား ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ ညောင်ခါးပင်ရွာကလေးတွင် ထန်းပင်ထွက်ပစ္စည်းများဖြင့် အိမ်သုံးပစ္စည်းများ ပြုလုပ်နေကြောင်း ကြားသိရသဖြင့် ထိုရွာကလေးသို့ စာရေးသူသွားရောက်ကာ လုပ်ငန်းရှင်အချို့နှင့် တွေ့ဆုံမေးမြန်းသတင်းရယူခဲ့သည်။

လုပ်ငန်းရှင်တစ်ဦးက ထန်းလက်(အစို)များကို ခြောက်သွေ့အောင်နေလှန်းရကြောင်း၊ အမိုးအကာလုံခြုံသောနေရာတွင် သိမ်းဆည်းထားပါမှ အရောင်အသွေးလှပြီး အရည်အသွေးကောင်းမွန်မည်ဖြစ်ကြောင်း၊ ခြောက်သွေ့နေသော ထန်းလက်များကို ကုလားထိုင် အကြီးအသေး ဆက်တီကုလားထိုင်နှင့် စားပွဲ၊ နောက်မှီကုလားထိုင် (ယာပုံ) စသည်များ ပြုလုပ်ရကြောင်း ရှင်းပြခဲ့သည်။ ထိုင်ခုံ၊ စားပွဲခုံတို့၏ အောက်ခြေတိုင်အဖြစ် ဝါးဆစ်ပိတ်ဝါးများ အချိုးကျဖြတ်တောက် အသုံးပြုရသည်။ နောက်မှီတန်းများ၊ လက်တန်းများ၊ အခင်းတန်းများ ထန်းသားကို လှီးဖြတ်ကာ လိုအပ်သောနေရာတွင် သံသေးများရိုက်ရသည်။ ကုလားထိုင်အခင်းအတွက် ထန်းလျှော်ဖြင့် တုပ်နှောင်ရသည်။ထန်းလက်အစိုတစ်ချောင်းကို ငွေကျပ် ၄၀ဖြင့် လည်းကောင်း၊ ဝါးဆစ်ပိတ်တစ်လုံးကို ငွေကျပ် ၂၀၀၊ ၂၅၀ ဖြင့် လည်းကောင်း ဝယ်ရပြီး ကုလားထိုင်တစ်လုံး လက်ခ ငွေကျပ် ၆၀၀ ရှိကြောင်း၊ လူငှားတစ်ဦး တစ်နေ့ ကုလားထိုင် လေးငါးလုံး ပြီးစီးသဖြင့် တစ်နေ့ဝင်ငွေ ၂၀၀၀ ကျော် ရရှိကြောင်း သိရှိရသည်။



ပူပြင်းသောရာသီတွင် ရောင်းအားကောင်းကြောင်း နောက်မှီကုလားထိုင် တစ်လုံး ငွေကျပ် ၂၂၀၀ မှ ၂၅၀၀၊ ဆက်တီ လေးလုံး၊ စားပွဲတစ်လုံးပါ တစ်စုံကို ငွေကျပ် ၁၀၀၀၀ ဈေးရှိကြောင်း သိရှိရသည်။

# တီးတိန်မြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

တီးတိန် ဇူလိုင် ၁၄

ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့နယ် ရှောင်စောန်းစံပြကျေးရွာ၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၇ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက ထင်းရှူးပင် ၈၀၀၊ ချယ်ရီပင် ၅၀၀ ခါတော်မီပင် ၅၀၀ စုစုပေါင်း အပင် ၁၈၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

# နိုင်ငံတကာအာကာသယာဉ်စခန်းသို့ အာကာသယာဉ်မှူးသစ်သုံးဦး စေလွှတ်မည်



**မော်စကို ဇူလိုင် ၁၄**

နိုင်ငံတကာအာကာသယာဉ်စခန်းတွင် သွားရောက်တာဝန်ထမ်းဆောင်ရန် အာကာသယာဉ်မှူးသစ်သုံးဦးကို စေလွှတ်ရေးအတွက် ရုရှားနိုင်ငံ အာကာသရေးရာကော်မရှင်က ခွင့်ပြုလိုက်ပြီဖြစ်ရာ ၎င်းအာကာသယာဉ်မှူးများ **(ဝဲပုံ)** အား နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ဇူလိုင် ၁၅ ရက်၌ သွားရောက်တော့မည်ဖြစ်သည်။

အဆိုပါ အာကာသယာဉ်မှူးသုံးဦးမှာ ရုရှားအာကာသယာဉ်မှူး ယူရီ မာလန်ချန်ကို၊ နာဆာအာကာသယာဉ်မှူး ဆူနီတာဝီလီယမ်နှင့် ဂျပန်အာကာသယာဉ်မှူး အကီဟီတိုဟိုရှီဒီတို့ ဖြစ်ကြသည်။ ၎င်းအာကာသယာဉ်မှူးများကို ကာဇက် စတန်ရှိ ဘိုင်ကိုနော့အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဆိုယုဇ် ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်သည်။

ယင်းအာကာသယာဉ်မှူးသုံးဦးတို့သည် ရုရှားနိုင်ငံရှိ ဂါဂါရင်အာကာသယာဉ်မှူးများ လေ့ကျင့်ရေးစခန်း၌ လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး စစ်ဆေးမေးမြန်းမှုများလည်း အောင်မြင်ခဲ့ကြပြီးဖြစ်သည်။ ယခုအခါ ဒုံးပျံလွှတ်တင်ရန် အသင့်ရှိနေပြီဖြစ်သည်။

ရာသီဥတုကောင်းမွန်ပြီး နည်းစနစ်များ ချွတ်ယွင်းမှုမရှိပါက ဘိုင်ကိုနော့အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဇူလိုင် ၁၅ ရက် မော်စကို စံတော်ချိန် နံနက် ၆ နာရီ မိနစ် ၄၀ ၌ လွှတ်တင်ရန် စီစဉ်ထားသည်။ ထိုသို့ သတ်မှတ်ချိန်အတိုင်း လွှတ်တင်နိုင်ခဲ့ပါက ဇူလိုင် ၁၇ ရက်၌ နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် ချိတ်ဆက်နိုင်ရန် စီစဉ်ထားသည်။ နိုင်ငံတကာအာကာသယာဉ်စခန်းတွင် လက်ရှိအချိန်၌ ပြီးခဲ့သည့် မေလလယ်ကတည်းက ရောက်ရှိနေသော ရုရှားအာကာသယာဉ်မှူး ပါဒါကာနှင့် ဆာဂျီရီဗင်၊ နာဆာအာကာသယာဉ်မှူး အင်ဒရီကိုင်ပါတို့ တာဝန်ထမ်းဆောင်နေရာ ယခုအာကာသယာဉ်မှူးသစ်သုံးဦးနှင့်အတူ ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(အင်တာနက်)**



# အာရှ-ပစိဖိတ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ဟုဆို

**ပေကျင်း ဇူလိုင် ၁၄**

နိုင်ငံတကာ လက်ရှိငွေကြေးအခြေအနေအရ အာရှ-ပစိဖိတ်ဒေသနိုင်ငံများ အနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လျူဝေမင်းက ဇူလိုင် ၁၃ ရက်၌ တိုက်တွန်းပြောကြားလိုက်သည်။

အာဆီယံဒေသဆိုင်ရာဖိုရမ်(အေအာရ်အက်ဖ်) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး **(အပေါ်ပုံ)**တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လျူဝေမင်းက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အရှေ့အာရှဒေသပူးပေါင်းဆောင်ရွက်မှု နိုင်ငံတကာနှင့် ဒေသဆိုင်ရာအရေးကိစ္စများကို အစည်းအဝေး၌ ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး အမြင်ချင်းဖလှယ်ကြကြောင်း၊ တရုတ်နိုင်ငံ၏ ရပ်တည်ချက်နှင့် အမြင်များကိုလည်း နိုင်ငံအများအပြားက ထောက်ခံကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

# တရုတ်နိုင်ငံ ကျန်ဘီမြို့၌ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား



**ကျန်ဘီ ဇူလိုင် ၁၄**

တရုတ်နိုင်ငံ ကျန်ကုခရိုင် ကျန်ဘီမြို့နယ် ကျန်ဘီမြို့အတွင်းရှိ ဓာတုစက်ရုံတစ်ရုံမှ ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ယိုစိမ့်ထွက်မှုကြောင့် အနီးဝန်းကျင်တွင်နေထိုင်သော ဒေသခံ ၆၈ ဦးတို့အား ဆေးရုံသို့ တင်ပို့ကုသနေရကြောင်း ဇူလိုင် ၁၄ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါစက်ရုံမှာ ကျန်ကျင်းဆိုပိုအမည်ရှိ ဓာတုစက်ရုံဖြစ်ပြီး ဓာတ်ငွေ့သိုလှောင်ကန်မှ ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ မတော်တဆယိုစိမ့်ထွက်ရှိခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)** ယင်းဓာတ်ငွေ့များကို ရှူရှိုက်မိသည့် ဒေသခံများမှာ မူးဝေအော့အန်မှုများခံစားခဲ့ရသဖြင့် ဆေးရုံသို့ အမြန်တင်ပို့ပေးခဲ့ရခြင်းဖြစ်သည်။

ဆေးရုံသို့ တင်ပို့ပေးထားသည့် လူနာများမှာ အခုအချိန်ထိ ဆေးကုသမှုဆက်လက်ခံယူနေရကြောင်း၊ ၎င်းစက်ရုံမှ ဓာတ်ငွေ့ယိုစိမ့်မှုကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ထိုသို့ မတော်တဆဖြစ်ရပ်မျိုး နောက်ထပ်မဖြစ်ပွားရန် ထိန်းသိမ်းရေးအတွက် စက်ရုံမှတာဝန်ရှိသူများအား ကြီးကြပ်အရေးယူမှုပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

# သမီးဖြစ်သူ၏ မင်္ဂလာပွဲတက်ရောက်စဉ် အာဖဂန်အမတ်ပုံးခွဲတိုက်ခိုက်ခံရပြီး သေဆုံး

**ဆာမာဂန် ဇူလိုင် ၁၄**

အာဖဂန်နစ္စတန်နိုင်ငံ ဆာမာဂန်ပြည်နယ်နောက်ပိုင်း၌ ဇူလိုင် ၁၄ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အာဖဂန်ထိပ်တန်းအမတ်တစ်ဦးနှင့်အတူ အနည်းဆုံး လူ ၂၀ သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**တိုက်ခိုက်ခံရ**

ယူဇဘက်လူမျိုးစုအမတ် အာမက်ခန်း ဆာမန်ဂါနီသည် ယင်းပြည်နယ်၏ မြို့တော်အိုင်ဘတ်၌ သမီးဖြစ်သူ၏ မင်္ဂလာလက်ထပ်ပွဲ အခမ်းအနားတက်ရောက်နေစဉ် အသေခံဗုံးခွဲတိုက်ခိုက်ခံရပြီး သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

အသေခံဗုံးခွဲတိုက်ခိုက်သူသည် အဆိုပါ မင်္ဂလာအခမ်းအနားသို့ ဧည့်သည်တစ်ဦးအဖြစ် ဝင်ရောက်လာပြီး မစ္စတာဆာမန်ဂါနီအား နှုတ်ဆက်ပွေ့ဖက်ပြီး အသေခံဗုံးခွဲတိုက်ခိုက်လိုက်ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် တာလီဘန်တို့က ပါဝင်ပတ်သက်မှုမရှိကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ငြင်းဆိုထားသည်။ အာမက်ခန်းဆာမန်ဂါနီသည် ၁၉၈၀ ပြည့်လွန်နှစ်များက အာဖဂန်ပြည်တွင်း စစ်ဖြစ်ပွားစဉ် မူဂျာဟစ်စစ်တပ်တွင် တပ်မှူးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။

သူသည် သမ္မတ ဟာမစ်ကာဇိုင်းနှင့် ပြိုင်ဘက် ဗိုလ်ချုပ်ကြီးအဗ္ဗဒူလ်ရာရှစ်ဒိုစတွန်တို့၏ လက်ရုံးအဖြစ် လူသိများ ထင်ရှားသူလည်းဖြစ်သည်။ လက်ရှိယူဇဘက်လူမျိုးစုနိုင်ငံရေးသမားများတွင် လူသိများအထင်ရှားဆုံး ပုဂ္ဂိုလ်လည်းဖြစ်သည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၁၄-၇-၂၀၁၂

**တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်**

### နျူထိပ်ဖူးတပ် ပဲ့ထိန်းဒုံးကျည် အိန္ဒိယစမ်းသပ်ပစ်လွှတ်

အိန္ဒိယနိုင်ငံက ကီလိုဂရမ် ၁၀၀၀ ကျော်လေးသော နျူကလီးယားထိပ်ဖူးတပ်ဆင်ထားသည့် တာဝေးပစ် ပဲ့ထိန်းဒုံးကျည်တစ်စင်းကို ဇူလိုင် ၁၃ ရက်က နိုင်ငံအရှေ့ပိုင်းကမ်းခြေစစ်အခြေစိုက်စခန်းမှ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ နျူကလီးယားထိပ်ဖူးတပ် ပဲ့ထိန်းဒုံးကျည်ကို ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၀ မိနစ်က စမ်းသပ်ပစ်လွှတ်ခဲ့သည်။ ယင်းဒုံးကျည်သည် ကီလိုမီတာ ၇၀၀ အကွာအဝေးရှိ ၎င်း၏ပစ်မှတ်ကို ထိမှန်အောင် ပစ်ခတ်နိုင်ကြောင်း အိန္ဒိယသတင်းဌာနများက ပြောကြားသည်။ Agni-I ဟုအမည်ပေးထားသည့် မြေပြင်မှ မြေပြင်ပစ်ယင်းဒုံးကျည်သည် ပေါက်ကွဲစေနိုင်သည့် နျူကလီးယားထိပ်ဖူးတစ်ခုကို သယ်ဆောင်သွားသည်။ ဒုံးကျည်၏အရှည်မှာ ၁၄ ဒသမ ၈ မီတာရှိပြီး အချင်းမှာ ၁ ဒသမ ၃ မီတာရှိကာ အလေးချိန်မှာ ၁၂တန်ရှိသည်ဟု ဆိုသည်။



### တောင်အာဖရိကနိုင်ငံ ပူမာလန်ဂါပြည်နယ်၌ ရထားနှင့် ကားတိုက်မိ

တောင်အာဖရိကနိုင်ငံအရှေ့ပိုင်း ပူမာလန်ဂါပြည်နယ် မေးလိန်းမြို့ရှိ ရထားနှင့်ကားလမ်းဖြတ်တစ်နေရာ၌ ဇူလိုင် ၁၃ ရက်က ထရပ်ကားတစ်စီးနှင့် ကုန်တင်ရထားတစ်စင်းတို့ တိုက်မှုဖြစ်ပွားရာ ၁၉ ဦးသေဆုံးပြီး အခြား ၂၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါယာဉ်တိုက်မှုသည် ယင်းနေ့ နံနက် ၇ နာရီနှင့် ၈ နာရီအကြား၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ အန်ဒရီဗစ်ဆာက ပြောကြားသည်။ ယင်းကုန်တင်ရထားသည် လယ်ယာလုပ်သားများအား တင်ဆောင်လာစဉ် ပူမာလန်ဂါပြည်နယ် ဟက်တာဆပ်ရုဒေသအနီး ရထားနှင့်ကား လမ်းကူးတစ်နေရာ၌ ထရပ်ကားတစ်စီးကို ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ဗစ်ဆာက ဆက်လက်ပြောကြားခဲ့သည်။ အဆိုပါယာဉ်တိုက်မှုကြောင့် လူ ၃၀ သေဆုံးခဲ့ကြောင်း အရှေ့ပိုင်းပူမာလန်ဂါပြည်နယ်လုံခြုံရေးဌာန အကြီးအကဲ ထူကနီစီဘူရီက ပြင်သစ်သတင်း ဌာနတစ်ခုသို့ ပြောကြားခဲ့သည်။ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ရှင်းလင်းစွာမသိရသေးဘဲ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ဒဏ်ရာရသူများကို လူနာတင်ကား၊ ရဟတ်ယာဉ်များဖြင့် ဒေသတွင်းဆေးရုံသို့ ပို့ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

# အမေရိကန်နိုင်ငံမှ ထောက်ပံ့ရေးကုန်သင်္ဘော ကျူးဘားသို့ နှစ် ၅၀ အတွင်း ပထမဆုံးဆိုက်ရောက်လာ



**ဟာဗားနား ဇူလိုင် ၁၄**

နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်နိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်းသည် ကျူးဘားနိုင်ငံမြို့တော် ဟာဗားနားသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းတစ်ရပ်အဖြစ် ဇူလိုင် ၁၄ ရက်က ဆိုက်ရောက်လာခဲ့ကြောင်း ကျူးဘားအရာရှိများက ပြောကြားသည်။

အဆိုပါ ကုန်တင်သင်္ဘော **(ယာပုံ)** သည်အမေရိကန်နိုင်ငံ မီယာမီဆိပ်ကမ်းမှ နေ၍ ဇူလိုင် ၁၁ ရက်က ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး ၁၉၆၂ ခုနှစ်ကတည်းက စတင်ကာ အမေရိကန်ကုန်တင်သင်္ဘော ပထမဆုံးမောင်းနှင်ဆိုက်ရောက်လာခြင်းဖြစ်သည်။

၎င်းသင်္ဘောသည် သင်္ဘောငယ်တစ်စင်းဖြစ်ပြီး စားနပ်ရိက္ခာ၊ ဆေးဝါး၊ အဝတ်အထည်များအပြင် ကျန်းမာရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းကိရိယာများဖြစ်သည့် လျှပ်စစ်ဘီးတပ်ထိုင်ခုံများ၊ လူနာများအတွက် မွေ့ရာများကို ကွန်တိန်နာဖြင့်ထည့်ကာ တင်ဆောင်လာခြင်းဖြစ်သည်။

လက်ရှိအချိန်၌ အမေရိကန်နိုင်ငံသည် ကျူးဘားနိုင်ငံ၏ သတ္တမအကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်လျက်ရှိသည်။ ၂၀၁၀ ခုနှစ်က အမေရိကန်မှ စားနပ်ရိက္ခာများ ကျူးဘားသို့ရောင်းချမှုမှာ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့် ရှိခဲ့သည်။ **(အင်တာနက်)**

# သြစတြေးလျကမ်းခြေ၌ လူတစ်ဦးငါးမန်းကိုက်ခံရ တစ်နှစ်အတွင်း ငါးကြိမ်မြောက်ဖြစ်ပွားခဲ့ခြင်းဖြစ်

**ပတ်သ် ဇူလိုင် ၁၄**

သြစတြေးလျနိုင်ငံ အနောက်ပိုင်းကမ်းခြေတစ်ခုတွင် ဇူလိုင် ၁၄ ရက်က တစ်နှစ်အတွင်း ငါးဦးမြောက် ငါးမန်းကိုက်ခံရမှုဖြစ်ပွားခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

**အကိုက်ခံရ**

သြစတြေးလျအမျိုးသားတစ်ဦးသည် ပတ်သ်မြို့မြောက်ဘက် မိုင် ၁၀၀ အကွာ ဝက်ဂီကျွန်းအနီးကမ်းခြေ၌ ဇူလိုင် ၁၄ ရက် စောစောပိုင်းက သူငယ်ချင်းများနှင့် ရေချိုးနေစဉ် ငါးမန်းကိုက်ခံရခြင်းဖြစ်ကြောင်း ကမ်းခြေတာဝန်ရှိသူများက ပြောကြားသည်။

**ငါးကြိမ်ရှိ**

အဆိုပါသြစတြေးလျအနောက်ပိုင်းကမ်းခြေ၌ ငါးမန်းကိုက်မှုဖြစ်ပွားခြင်းမှာ ၂၀၁၁ခုနှစ်စက်တင်ဘာလနောက်ပိုင်း ငါးကြိမ်ရှိသွားပြီဖြစ်ကြောင်း၊ သြစတြေးလျနိုင်ငံတွင် နှစ်စဉ်ငါးမန်းကိုက်မှု အနည်းဆုံး (၁၆)ကြိမ် ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ အဆိုပါ အမျိုးသားအား ငါးမန်းကိုက်မှုဖြစ်ပွားပြီးနောက် ရေပြင်တွင် သွေးများ ချင်းချင်းနီလျက်ရှိပြီး အရှည် ၁၃ ပေမှ ၁၆ ပေခန့်ရှိ ငါးမန်းဖြူကြီးတစ်ကောင်မှာ ရေပြင်ရှိ အလောင်းအား ပတ်ချာလှည့်နေသည်ကို တွေ့ရကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။ **(ယာပုံ)**

**ပြောကြား**

ယင်းရုပ်အလောင်းအား ငါးမန်းက ပင်လယ်ကြမ်းပြင်သို့ ဆွဲယူပြေးသွားသဖြင့် ရှာဖွေရေးအဖွဲ့က လိုက်လံရှာဖွေသော်လည်း မတွေ့ရှိရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**



# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကွင်းဆင်းအခြေခံစာရင်း ကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့ ကွင်းဆင်းဆောင်ရွက်

**ကျေးလက်၏ နံနက်အရုဏ်တက်နှင့် ညနေဆည်းဆာအလှတို့ကား ကျေးလက်၏သဘာဝကို စာဖွဲ့၍မမီအောင် ညွှန်းဆိုဖွဲ့ပြသနေသည်။ ကျွဲ၊ နွား၊ ကြက်၊ ဝက်တို့၏ ကျူးရင့်တွန်ကျူးသံများကလည်း ကျေးလက်၏ ဂီတသံတစ်ခုအလားပင်။**

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ**
**မောင်မောင်ထွေး (သတင်းစဉ်)**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကွင်းဆင်း အခြေခံ စာရင်းကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့မှ အဖွဲ့ဝင် တစ်ဦးဖြစ်သည့် တိရစ္ဆာန်ဆေးကု ဆရာဝန် ဒေါက်တာတင်အောင်သည် တစ်နေ့တာလုပ်ငန်းများကို လက်စသတ်နေစဉ် ဖုန်းမြည်သံကြား လိုက်ရ၍ "သူငယ်ချင်းပြောဟေ့၊ မင်းတာဝန်ကျတာ ဘယ်ရွာလဲ၊ အခြေအနေကော ဘယ်လိုလဲ"။

တစ်ဖက်မှ ဖုန်းပြောသူ ဒေါက်တာကိုကိုစိန်မောင်၏ အသံလှိုင်းကလည်း တက်တက်ကြွကြွရှိလှသည်။ "ကျွန်တော်က နေပြည်တော်ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ် ကျေးရွာအုပ်စုထဲက ရွာလေးရွာမှာ တာဝန်ကျတယ်ဗျ၊ ထုံးစံအတိုင်း တစ်ရွာ နှစ်ညအိပ်ပေါ့၊ ကျေးလက်နေပြည်သူတွေရဲ့ တစ်နိုင်တစ်ပိုင် မွေးမြူရေးဟာ အဓိက ဝင်ငွေ တစ်ရပ်ဖြစ်လို့ မွေးမြူထားတဲ့ တိရစ္ဆာန်တွေရဲ့ အသားထွက် ကောင်းမွန်ရေး၊ အသား အရည်အသွေး မြင့်မားရေးအတွက် ဝဲပျောက်ဆေး၊ အားဆေး၊ သန်ချဆေးတွေထိုးပေးခဲ့တယ်။ ထူးခြားချက်ကတော့ ရွာတစ်ရွာမှာ ခိုင်းနွားကြီးတစ်ကောင်ကို ဒေသအခေါ် "လက်ကပ်နာ" ဆိုပြီး အနှိပ်ဆရာနဲ့ ကုသနေတာ ၁၀ ရက်ကြာနေပြီ။ ကျွန်တော်တို့ ရောက်ပြီးလေ့လာကြည့်တဲ့အခါမှာ ခွာကြားထဲသံချွန်စူးနေတဲ့အပြင် ပြီးခဲ့တဲ့နှစ်ဝက်က ခွာနာလျှာနာရောဂါကျဖူးပြီး အောက်ခံခွာမျက်နှာပြင် ခွာမညီတဲ့အတွက်ကြောင့် ခွဲစိတ်ကုသပေးလိုက်တာ နောက်နေ့ ချက်ချင်း ကောင်းသွားပါတယ်။ ကျေးလက်နေပြည်သူအများစုက ဗဟုသုတအားနည်းပြီး ဒေသအစွဲ၊ မိရိုးဖလာအစွဲတွေရှိနေကြလို့ လက်တွေ့လုပ်ပြမှ သဘောပေါက်နားလည်ကြတယ်ဗျို့။ သူတို့ရဲ့ကျေးဇူးတင်စကားကို ကြားရတာနဲ့တင် ကျွန်တော်တို့ အမောပြေသွားတယ်ဗျာ။ အစ်ကိုကြီးကော ဘယ်ရွာရောက်နေသလဲ"။

ဒေါက်တာတင်အောင်ကလည်း အားကျမခံ "ကိုယ်က ဒက္ခိဏသီရိမြို့နယ် ကျွဲတဲ၊ ကျောက်ခအင်း၊ ဆည်စုံ၊ မကျီးကုန်း ကျေးရွာတွေမှာ တာဝန်ကျတယ်။ ယခုလို တောင်သူတွေနဲ့ နီးနီးကပ်ကပ်သွားရောက်ကြည့်ရှုတဲ့အခါ သူတို့လုပ်ကိုင်ဆောင်ရွက်သလောက် အကျိုးဖြစ်ထွန်းမှုမရှိတာကိုတွေ့ရတယ်။ အကြောင်းရင်းကတော့ မှားယွင်းတဲ့ မွေးမြူရေးနည်းစနစ်တွေကြောင့် မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးနေရတာပဲ။ ဥပမာအရပ်ခေါ် ကြက်နာရောဂါဆိုတဲ့ ကြက်လည်လိမ်ရောဂါကို ခေတ်မီနည်းစနစ်နဲ့ ကြိုတင်ကာကွယ်လို့ရတာ တောင်သူတွေမသိကြဘူး။ ဝက်မွေးမြူရေးဆိုလည်း အလျင်အမြန်ကြီးထွားအောင် မွေးမြူတဲ့ နည်းစနစ်တွေကိုလည်း မသိရှိကြဘူးဗျ။ ဒါကြောင့် ကွင်းဆင်းတဲ့ကာလမှာ တစ်နိုင်တစ်ပိုင် ကြက်/ဝက်မွေးမြူခြင်း နည်းစနစ်တွေကို လက်တွေ့ပြသ သင်ကြားပေးခြင်း၊ ဝက်တွေကို ကပ်ပါးရောဂါတွေ ကုသပေးခြင်း၊ လိုအပ်တဲ့ ကြီးထွားနှုန်းအားပေးတဲ့ ဆေးထိုးပေးခြင်းတွေကို လုပ်ရတယ်ဗျ။ မကြာမီ တောင်သူများ တစ်နိုင်တစ်ပိုင် မွေးမြူခြင်းကနေ အပိုဝင်ငွေ တိုးလာမယ်လို့ ကိုယ်မျှော်လင့်ပါတယ်"။

ကွင်းဆင်းအဖွဲ့များသည် လုပ်ငန်းတာဝန်များပြီးဆုံး၍ ကိုယ့်ဌာနသို့ ပြန်လည်ရောက်ရှိကြသော်လည်း အတွေ့အကြုံများကား ဖလှယ်၍မကုန်နိုင်ပါ။

ဒေါက်တာကျော်သူက "ကျွန်တော်ကတော့ လယ်ဝေးမြို့နယ် စိုင်ခေါင်းရိုး၊ ဂုဏ်မင်းအိုင်၊ အောင်းကုန်းနဲ့ ပိတောက်ချောင်ကျေးရွာတွေကို ရောက်ခဲ့တယ်။ ကျေးရွာတွေမှာ တစ်နိုင်တစ်ပိုင် ဝက်မွေးမြူနည်းစနစ် မှန်မှန်ကန်ကန် မွေးမြူတတ်စေဖို့ ကျေးရွာတွေမှာရှိတဲ့ ကြက်ခြေပြာ သင်တန်းသားတွေကို ဝက်ပေါက်အထီးကလေးတွေသင်းကွပ်ရာမှာ မေးခိုင်ကာကွယ်ဆေး(ATT)ထိုးပြီးမှသာ သင်းကွပ်ဖို့၊ ဝက်လတ်ကလေးတွေကို အတွင်း၊ အပြင် ကပ်ပါးရောဂါထိုးဆေးတွေ ထိုးပြီးမှသာ ဝက်ရဲ့ကြီးထွားနှုန်းကောင်းမွန်ပြီး တစ်ဦးချင်း၏ ဝင်ငွေတိုးတက်စေမယ့်အကြောင်း၊ တစ်အိမ်ထောင် ဝက်တစ်ကောင်၊ ကြက် ၁၀ ကောင်နဲ့ ဘဲ ၁၀ ကောင် မွေးမြူသွားနိုင်ရင် မိသားစုဝင်ငွေတိုးစေမယ့်အကြောင်းတွေကို ဟောပြောရှင်းပြခဲ့ပါတယ်။ မွေးမြူနည်းစနစ်တွေကို မှန်မှန်ကန်ကန်မွေးမြူရင် သေပျောက်နှုန်းနည်းပြီး အကျိုးအမြတ်များစေမယ့် အကြောင်းလည်း အကျယ်တဝင့် ရှင်းပြခဲ့တာကြောင့် ကွင်းဆင်းဆောင်ရွက်ခဲ့တဲ့ ကျေးရွာလေးရွာက မိဘပြည်သူများရဲ့ပီတိအပြုံးလွှမ်းခြုံနေကြတဲ့ မျက်နှာလေးများကိုမြင်ရတာ အမောပြေသွားတယ်ဗျာ"။

ဒေါက်တာမြင့်သိန်းက "ကျွန်တော်က ရွာသာ၊ မသိမ်၊ သရက်တော၊ ပိုးစာတော ကျေးရွာတွေရောက်ခဲ့ပြီး တစ်နိုင်တစ်ပိုင် မွေးမြူထားတဲ့ ကျွဲ၊ နွား၊ ဝက်၊ ကြက်နဲ့ အခြားတိရစ္ဆာန်တွေကို ကူးစက်ရောဂါများ မဖြစ်ပွားအောင် ကာကွယ်ဆေးတွေ ထိုးနှံပေးတာ၊ နာမကျန်းတိရစ္ဆာန်တွေကို ဆေးကုသပေးတာ၊ ကပ်ပါးရောဂါကင်းဆေးတွေထိုးနှံပေးတာတွေကို ဆောင်ရွက်ပေးခဲ့တယ်။ ညပိုင်းမှာလည်း ကျေးလက်နေပြည်သူတွေကို တိရစ္ဆာန်မွေးမြူနည်း၊ ရောဂါကာကွယ်ဆေးထိုးနည်း၊ တိရစ္ဆာန်ကနေ လူကိုကူးစက်တတ်တဲ့ရောဂါများ အကြောင်းကို ဟောပြောခဲ့တယ်။ နောက်ပြီး မွေးမြူသူတွေ အယူမှားဖြစ်တဲ့ ကျွဲ၊ နွား ငယ်တွေကို မြက်မစားခင် သန်ကောင်မရှိဆိုတဲ့အသိကို အထူးတည့်မတ်ပေးရတယ်။ အမှန်က မိခင်ဝမ်းတွင်းကိုယ်ဝန်ဆောင်စဉ်မှာ သန်ကောင်လောင်းတွေဟာချက်ကြိုးကနေတစ်ဆင့် ကူးစက်ပြီး မွေးဖွားစဉ်အချိန်ကနေ အရွယ်ရောက်တဲ့အထိ သန်ကောင်ရောဂါတွေ ခံစားရတာဖြစ်ကြောင်းကို ရှင်းပြခဲ့တယ်"။

ဒေါက်တာငွေးထိုက်က "ကျွန်တော်က ဇမ္ဗူသီရိမြို့နယ်ထဲက ဂုံမင်းအင်း၊ ကြံဖိုဥ၊ လက်ပံခါးလှနဲ့ ပြန်ကပြေးလေးကျေးရွာတွေကို ရောက်ခဲ့တယ်။ ကျေးလက်နေပြည်သူတွေ သတိမပြုမိတဲ့အရင်းနည်း အမြတ်များစေတဲ့ တစ်နိုင်တစ်ပိုင်ကြက်တွေကို တစ်အိမ်ထောင်ကို ကြက်မ ၁၀ ကောင်၊ ကြက်ဖတစ်ကောင် မွေးမြူခြင်းဖြင့် တစ်နှစ်ဆို ဝင်ငွေကျပ် ၁၈၅၄၀၀ ရရှိနိုင်ပြီး ၁၀ အိမ်ထောင်စုပေါင်းရင် ပိုမိုရရှိနိုင်မယ့် အကျိုးကျေးဇူးတွေကို ကိန်းဂဏန်းတွေနဲ့ ရှင်းလင်းဟောပြောပေးခဲ့တယ်၊ စနစ်တကျ မွေးမြူနည်းစနစ်တွေနဲ့ မွေးမြူတတ်အောင်နဲ့ ကျွန်တော်တို့ဌာနကထုတ်လုပ်တဲ့ I2 အပူဒဏ်ခံ လည်လိမ်မျက်စဉ်းနဲ့ ကြက်ဝမ်းကျကာကွယ်ဆေးတွေကို နှစ်စဉ်ပုံမှန်သုံးစွဲရင် ကြက်တွေ အသေအပျောက်နည်းပြီး အမြတ်များများ ရရှိစေနိုင်ကြောင်းကိုပါ ထပ်လောင်း ဆွေးနွေးခဲ့တယ်"။

နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်က "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကွင်းဆင်းအခြေခံ စာရင်းကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့ရဲ့ ကွင်းဆင်းဆောင်ရွက်မှုကို ယခုနှစ် ဇွန် ၂၂ ရက်မှ ၂၉ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ရွာပေါင်း ၃၂ ရွာအရောက် ကွင်းဆင်းခဲ့တယ်။ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသမှုအဖွဲ့အနေနဲ့ ကျွဲ၊ နွား ၃၆၃၅ ကောင်၊ မြင်း ၁၁ ကောင်၊ ဆိတ်နှစ်ကောင်၊ ဝက် ၁၄၂၂ ကောင်၊ ကြက် ၇၁၂ ကောင်၊ ဘဲ ၁၈၃ ကောင်တို့ကို ဆေးဝါးကုသပေးခြင်း၊ တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေနဲ့ ကာကွယ်ဆေးထိုးနှံပေးခြင်း လုပ်ငန်းများကို နေ့ပိုင်းမှာဆောင်ရွက်ပေးပြီး ညပိုင်းမှာ မွေးမြူရေးနည်းပညာပေးဟောပြောပွဲ၊ ကူးစက်ရောဂါအကြောင်း ဟောပြောပွဲတွေကို ဆောင်ရွက်စေပါတယ်။ ကွင်းဆင်းအဖွဲ့တွေရဲ့ ဆောင်ရွက်မှုကြောင့် ကျွန်တော်တို့နဲ့ ကျေးလက်ပြည်သူတွေ တိုက်ရိုက်ထိတွေ့ပြီး မွေးမြူသူတွေရဲ့အခက်အခဲတွေကို ဖြေရှင်းပေးနိုင်တယ်၊ ကာကွယ်ကုသမှုများကို ထိရောက်စွာ ဆောင်ရွက်ပေးရတဲ့အတွက် မွေးမြူရေးတိရစ္ဆာန်တွေ သေပျောက်မှု၊ ရောဂါဖြစ်ပွားမှုနှုန်း နည်းသွားတဲ့အတွက် ဝင်ငွေပိုရရှိပြီးကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝကို ပိုမိုတိုးတက်စေမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဆင်းရဲမှုကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်"။

ကွင်းဆင်းအဖွဲ့တွင် ပါဝင်သည့် တိ/မွေးကုဆရာဝန်များ၏ စကားသံများကား မြိုင်လှသည်။ အလားတူ အဆိုပါအဖွဲ့ တစ်ဖွဲ့တိုင်းစီတွင် အဖွဲ့ဝင်များအဖြစ် ပါဝင်ကြသည့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယဦးစီးမှူး၊ ဆရာဝန်၊ စိုက်ပျိုးရေးပညာရှင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ အင်ဂျင်နီယာတစ်ဦး၊ ဒေသခံ ဘွဲ့ရပညာတတ် တစ်ဦးတို့သာ အကယ်၍များ တစုတဝေး ဝင်ရောက်ဆွေးနွေး ပြောဆိုကြမည်ဆိုလျှင် ပို၍မြိုင်ဆိုင်လှမည်မှာ သေချာလှသည်။

နေပြည်တော်ကောင်စီ၏ ပံ့ပိုးမှုဖြင့် အဆိုပါ ကွင်းဆင်းအဖွဲ့များသည် နေပြည်တော်ကောင်စီနယ်မြေ ကျေးရွာအနှံ့ကွက်ပြည့်အောင် မြေချဲ့ထွင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များ ပါမကျန် လွှမ်းခြုံဆောင်ရွက်လာနိုင်သည်နှင့်အမျှ ကျေးလက်ဒေသနေ မိဘပြည်သူများ၏ လူမှုစီးပွားဘဝမှာလည်း ပိုမိုမြင့်မား တိုးတက်လာဦးမည်ဟု ကေဝစနံ ကျွန်တော်ဆိုပါမည်။ ။



ဒေါက်တာခင်ဇော်(ဒုညွှန်မှူး)



ဒေါက်တာမြင့်သိန်း(ဥတ္တရသီရိ)



ဒေါက်တာတင်အောင်(ဒက္ခိဏသီရိ)



ဒေါက်တာကိုကိုစိန်မောင်(ပျဉ်းမနား)



ဒေါက်တာငွေးထိုက်(ဇမ္ဗူသီရိ)



ဒေါက်တာကျော်သူ(လယ်ဝေး)



**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဂုံမင်းအင်းကျေးရွာ၌ တိရစ္ဆာန်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။**

## ပုလဲသွယ်စပ်မျိုးစပါး ပျိုးထောင်စိုက်ပျိုးမှု မြဝတီမြို့နယ်၌ သီပွံ့နည်းကျ ရှင်းလင်းပြသ

**မြဝတီ ဇူလိုင် ၁၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် မဲကနယ်ကျေးရွာ တောင်သူ ဒေါ်အီဉာဏ်စိုက်ပျိုးလယ်မြေ၌ ပုလဲသွယ်စပ်မျိုးစပါးသီပွံ့နည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ပွဲကို ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီခွဲကကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြဝတီခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာများမှတောင်သူများ တက်ရောက်ကြသည်။

အဆိုပါပျိုးထောင်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးဒေါ်သန်းရီက သီပွံ့နည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်နည်းကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တက်ရောက်လာသည့် တောင်သူများက လက်တွေ့စုပေါင်းပျိုးထောင်ဆောင်ရွက်ခဲ့ကြကြောင်းသိရှိရသည်။

**(စိုက်ပျိုးရေး)**

## နိုင်ငံသားစိစစ်ရေးကတ်ပြား သာယာဝတီ၌ ကွင်းဆင်းဆောင်ရွက်

**သာယာဝတီ ဇူလိုင် ၁၄**

သာယာဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံး၏ မိုးပွင့်စီမံချက် အဆင့်(၃)ဖြင့် ဇူလိုင် ၉ ရက်က သပြေကုန်းကျေးရွာအုပ်စု မဒေါ့ကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးဌာနမှူးဦးခင်မောင်ဆွေနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြပြီး ခရိုင်ဦးစီးဌာနမှူး ဦးဇော်မင်းလတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်တို့ကလိုအပ်သည်များကူညီပေးခဲ့ကြောင်းသိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဖြူး ဇူလိုင် ၁၄**

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဖြူးမြို့နယ် ဇေယျဝတီအခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်သစ်တောဦးစီး အရာရှိနှင့် သစ်ပင်ချစ်သူများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသိကောင်းစရာများ ဟောပြောပြီး ကျွန်း၊ ယူကလစ်၊ အင်ကြင်းနှင့် စိန်ပန်း စုစုပေါင်း အပင် ၁၂၅၀ ကို ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မြို့နယ်သစ်တောဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

**(မြို့နယ်သစ်တောဦးစီး)**

## မသန်စွမ်းသူများအတွက် စာပေဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၄**

မသန်စွမ်းသူများဖြင့်ဖွဲ့စည်းထားပြီး မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ)မှ မသန်စွမ်းသူများ စိတ်ဓာတ်မြှင့်တင်ရေး၊ စာပေအသိပညာနှင့် ဗဟုသုတအမြင် ပွင့်လင်းရေးအတွက် စာပေဟောပြောပွဲကို ဗဟန်းမြို့နယ် မင်္ဂလာဒို့ရိုးရာစားသောက်ဆိုင်၌ ဇူလိုင် ၁၅ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ မသန်စွမ်းသူများအပြင် စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်းနှင့် အလှူငွေများကို ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ) ရုံးချုပ် ဖုန်း-၂၃၀၀၃၂၉၊ ၂၃၀၀၃၃၂နှင့်၂၁၅၉၁၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ **(မသန်စွမ်းသူများအသင်း)**

15-7 (05).pmd 1 7/15/2012, 2:57 AM

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗြိတိသျှပါလီမန်အမတ် ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ဗြိတိသျှပါလီမန်အမတ် Mr. Jeffery Donaldson ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဗြိတိသျှပါလီမန်အမတ် Mr. Jeffery Donaldson နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H.E. Mr. Andrew Richard Heyn နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ ဗြိတိန်နိုင်ငံအတွင်း ဆောင်ရွက်ခဲ့သည့် အိုင်ယာလန်နှင့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗြိတိသျှပါလီမန်အမတ် Mr. Jeffery Donaldson ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ICT နည်းပညာအရည်အသွေးများ ပိုမိုမြင့်မားလာစေရေး အာဆီယံ-ကိုရီးယား ဆိုင်ဘာတက္ကသိုလ်ဖွင့်လှစ်ရန် စီစဉ်ထား



**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် အာဆီယံ-ကိုရီးယား ဆိုင်ဘာတက္ကသိုလ်စီမံကိန်းအရ မြန်မာနိုင်ငံ၏ အီလက်ထရွန်နစ်စနစ်သုံး သင်ကြားမှုဗဟိုဌာန (e-Learning Centre) လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၁၄**

အာဆီယံ-ကိုရီးယား ဆိုင်ဘာတက္ကသိုလ် စီမံကိန်းအရ မြန်မာနိုင်ငံ၏ အီလက်ထရွန်နစ်စနစ်သုံး သင်ကြားမှုဗဟိုဌာန (e-Learning Centre) လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး၊ KOICA ဌာနေကိုယ်စားလှယ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကိုရီးယားနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးက အာဆီယံ-ကိုရီးယား ဆိုင်ဘာတက္ကသိုလ် စီမံကိန်းအရ မြန်မာနိုင်ငံ၏ အီလက်ထရွန်နစ်စနစ်သုံး သင်ကြားမှုဗဟိုဌာန (e-Learning Centre) လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် စက်မှုသက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းအောင်နှင့် KOICA ဌာနေကိုယ်စားလှယ်တို့က အာဆီယံ-ကိုရီးယား ဆိုင်ဘာတက္ကသိုလ်စီမံကိန်းအရ မြန်မာနိုင်ငံအတွက် အီလက်ထရွန်နစ်စနစ်သုံး သင်ကြားမှုဗဟိုဌာန (e- Learning Centre) ကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အာဆီယံ- ကိုရီးယား ဆိုင်ဘာတက္ကသိုလ်စီမံကိန်းအရ မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အခန်းကဏ္ဍတွင် စွမ်းဆောင်ရည် ပိုမိုပြည့်ဝလာစေရန်၊ မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)၌ e- Learning Centre တစ်ခုဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း၊ ထိုစီမံကိန်းမှရရှိလာသော အကျိုးရလဒ်များကို အခြေခံ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်နိုင်မည်ဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံ၏ လုပ်ငန်းအတွေ့အကြုံများ၊ ဗဟုသုတများနှင့် နည်းပညာများ လွှဲပြောင်းပေးခြင်းဖြင့် ASEAN နိုင်ငံများအကြား နည်းပညာကွာဟမှုများ ပိုမိုနည်းပါးစေနိုင်မည်ဖြစ်ကြောင်း။

၎င်းစီမံကိန်းကို ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်းတွင် ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ်စသည့် (CLMV) နိုင်ငံများ၌ e- Learning Centre များ ဖွင့်လှစ်ပြီး ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အာဆီယံ-ကိုရီးယား ဆိုင်ဘာတက္ကသိုလ် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း၊ ၂၀၁၅ခုနှစ်မှစတင်၍ သုတေသနလုပ်ငန်းများနှင့်ကမ္ဘာနှင့်အဝန်း လုပ်ဆောင်မှုများအားလုံးကို အာဆီယံ-ကိုရီးယားဆိုင်ဘာတက္ကသိုလ်များမှ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများ၏ ICT နည်းပညာအရည်အသွေးများ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း။

e-Learning Centre ထူထောင်ခြင်းအားဖြင့် multi- media- studio မှနေ၍ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ၌ လက်ရှိတက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများအား သင်ခန်းစာ ပို့ချနိုင်ခြင်းနှင့် သင်ခန်းစာများ အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်နိုင်ခြင်း၊ ကျောင်းသို့အကြောင်း အမျိုးမျိုးကြောင့် မလာရောက်နိုင်သူများအတွက် မိမိတို့၏ အိမ်၊ အလုပ်ဌာနများ၊ နိုင်ငံတစ်ဝန်းလုံးမှနေ၍ ဒေသမရွေး၊ အချိန်မရွေး၊ နေရာမရွေး ယခုဖွင့်လှစ်ခဲ့သည့် e- Learning Centre ကို အသုံးပြု၍ ပညာရပ်များအား ဆက်လက်ဆည်းပူး သင်ယူလေ့လာနိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ e-Learning ဝန်ဆောင်မှုများဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အချက်အလက်များစုဆောင်းရရှိနိုင်ခြင်း၊ သုတေသနစီမံချက် အစီအစဉ်များ၊ အတွေးအခေါ်သစ်များကို အဖွဲ့ဝင်တက္ကသိုလ်များ အချင်းချင်း ကူညီထောက်ပံ့ ပေးနိုင်ခြင်းစသည်တို့ကို ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း။

ရည်ရွယ်ချက်အားဖြင့် ပြည်သူလူထုအား ကုန်ကျစရိတ်သက်သာသော နည်းလမ်းဖြင့် အဆင့်မြင့် ပညာရေးကို လေ့လာသင်ယူနိုင်သည့် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ ရရှိစေပြီး တက္ကသိုလ်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန် ဦးတည်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ၎င်းကဲ့သို့သော နည်းလမ်းများဖြင့် ကျောင်းသားကျောင်းသူများနှင့် ပြည်သူများအား Internet မှ တစ်ဆင့် Online အသုံးပြုနိုင်သည့် ဘဝတစ်သက်တာ ပညာရေးကို လေ့လာသင်ယူနိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စိတ်ချယုံကြည်မှုများ တိုးတက်လာနိုင်ခြင်း၊ လူမှုအဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တက္ကသိုလ်များ၏ ဆန်းသစ်ပြောင်းလဲမှု၊ အသိပညာဗဟုသုတများ ရရှိလာနိုင်ခြင်း၊ တိုးတက်နေသည့် ကမ္ဘာကြီးတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ရန် အချင်းချင်း ပူးပေါင်း ဆောင်ရွက်ခြင်းအားဖြင့် အပြန်အလှန် အကျိုးကျေးဇူးများရရှိလာနိုင်မည်ဖြစ်ပါကြောင်း ပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကျွမ်းကျင်သူ ကိုယ်စားလှယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ KOICA ဌာနေကိုယ်စားလှယ်နှင့် ကျောင်းအုပ်ကြီးတို့က အာဆီယံ- ကိုရီးယားဆိုင်ဘာတက္ကသိုလ် စီမံကိန်းအရ မြန်မာနိုင်ငံ၏ အီလက်ထရွန်နစ်စနစ်သုံး သင်ကြားမှုဗဟိုဌာန (e-Learning Centre) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းကို နံ့သာရည်ဖြင့် ပက်ဖျန်းကြကာ e- Learning Centre နှင့် နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုင်ဘာစီးတီး) ပင်မစာသင်ဆောင်သစ်တို့အား ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# 200 KVA လျှပ်စစ်ထရန်စဖော်မာ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၌ တပ်ဆင်

**ပျဉ်းမနား ဇူလိုင် ၁၄**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းဘေး ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထရန်စဖော်မာတစ်လုံး တပ်ဆင်လျက်ရှိကြောင်း သိရသည်။



ယခု တပ်ဆင်လျက်ရှိသော 200 KVA ထရန်စဖော်မာကို **(ယာပုံ)** ပျဉ်းမနားခရိုင် အင်ဂျင်နီယာမှူးကြီးရုံးမှ ခရိုင်အင်ဂျင်နီယာ ဦးအောင်မြင့် ဦးစီး၍ လျှပ်စစ်ဝန်ထမ်း ခုနစ်ဦးပါဝင်သော အဖွဲ့က ဇူလိုင် ၂ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ရက်တွင် အပြီး တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရွာကောက်ရပ်ကွက်အုပ်စုရွှေသာယာ(၁) ရပ်ကွက်နှင့် ရွှေသာယာ(၂)ရပ်ကွက်အတွင်းရှိ အိမ်ခြေ ၂၀၀ ကို လျှပ်စစ်မီးဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (၁၅၄)

မြန်မာ့အလင်း

## ဘဝအမောပြေ

### ဒီလိုလား

**အာကာဟိန်း-ရေးသည်**

တရားရုံးသို့ အမျိုးသမီးတစ်ဦးရောက်ရှိလာပြီး တရားသူကြီးအား ဦးတိုက်လျှောက်ထားလေသည်။

အမျိုးသမီး ။ ။တရားသူကြီးကို လျှောက်ထားစရာရှိလို့ပါ။

**တရားသူကြီး ။ ။ဘာကိစ္စလဲ‥ပြောပါ။**

အမျိုးသမီး ။ ။ကျွန်မခင်ပွန်းနဲ့ ပြန်ပေါင်းချင်လို့ပါ။

**တရားသူကြီး ။ ။ပြီးခဲ့တဲ့လက ခင်ဗျားပဲ လာပြီး ကွဲချင်တယ်လို့ပြောတယ်မဟုတ်လား‥ခင်ဗျားခင်ပွန်းကလည်း ခင်ဗျားဆန္ဒအတိုင်း ကွာရှင်းပေးခဲ့တယ်မဟုတ်လား။**

အမျိုးသမီး ။ ။အဲဒါတော့. . . ဟုတ်ပါတယ်။

**တရားသူကြီး ။ ။အခုက‥ဘာဖြစ်လို့ ပြန်ပေါင်းချင်ရတာလဲ။**

အမျိုးသမီး ။ ။မနေ့က သူထီပေါက်တယ်လို့ သတင်းအတိအကျ ကြားလိုက်ရလို့ပါ. . ။

**တရားသူကြီး ။ ။"ဟေ"။**

**ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁) အမှတ်(၁၈) ဦးမြင့်သိန်း (၈၆)နှစ်အား ရည်စူး၍ ဇနီးဒေါ်လှမြင့်နှင့်သားသမီးများက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးဘေးရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းသို့ အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။** (ကင်ဆာဖောင်ဒေးရှင်း)



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်နိုင်ငံ ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Robert Homats ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်၁၀နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိညှိနှိုင်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစိုးနိုင်နှင့် ဦးဝင်းစိန်၊ အတွင်းရေးမှူးများ၊ လွှတ်တော်ကော်မတီနှင့် ကော်မရှင်တို့မှ အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး အမေရိကန်ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံတကာကုန်သွယ်ရေးဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Francisco sanchez၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန် ပြည်ထောင်စုသံအမတ်ကြီး မစ္စတာ ဒဲရက်ဂျိမ်းစ်မစ်ချယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံရေးနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာများ၊ မြန်မာ-အမေရိကန်ပြည်သူများ၏ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ တိုးမြှင့်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ရေးအတွက် အစိုးရချင်း၊ လွှတ်တော်ချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်း အမေရိကန် နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် လယ်ယာ စိုက်ပျိုးရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး Mr. Robert Homats အား နေပြည်တော်ရှိ လွှတ်တော် အဆောက် အအုံ ဇမ္ဗူသီရိညှိနှိုင်းခန်းမ ဆောင်၌ လက်ခံ တွေ့ဆုံစဉ်။ (သတင်းစဉ်)

## တွေ့ဆုံ

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဗြိတိသျှ ပါလီမန်အမတ်** Mr. Jeffery Donaldson **လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဗြိတိသျှပါလီမန်အမတ် ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဗြိတိသျှပါလီမန်အမတ် Mr. Jeffery Donaldson ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁) ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် လွှတ်တော်၏ လုပ်ငန်းတာဝန်များ၊ လွှတ်တော်အတွင်း ဥပဒေကြမ်းများ ရေးဆွဲပြဋ္ဌာန်းနေမှုများ၊ မြန်မာ-ဗြိတိန် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်၊ လွှတ်တော်ကော်မတီအတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဗြိတိသျှပါလီမန်အမတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Richard Heyn လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

**ကိုသစ္စာ - စုစည်းရေးသားသည်**

# တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ချုံဂျီဝူး တရုတ်ဒရာမာ ဇာတ်လမ်းတွဲထုတ်လုပ်မည်



**ပေကျင်း ဇူလိုင် ၁၄**

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ချုံဂျီဝူးဟာ City 's Lovers အမည်ရှိတဲ့ တရုတ်ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို ထုတ်လုပ်ဖြန့်ချိဖို့အတွက် တရုတ်နိုင်ငံကို ရောက်ရှိစီစဉ်နေပြီဖြစ်တယ်လို့ တရုတ်မီဒီယာတွေက ဇူလိုင် ၁၄ ရက်မှာ ဖော်ပြကြပါတယ်။

အဲဒီရုပ်မြင်သံကြားဇာတ်လမ်းတွဲကို တရုတ်ရုပ်ရှင်မင်းသား ကျင်ဟိုနဲ့အတူ တွဲဖက် သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ချုံဂျီဝူး အတွက်တော့ ၂၀၀၄ ခုနှစ်က တရုတ်ဒရာမာရုပ်မြင်သံကြားဇာတ်လမ်းတွဲ ရိုက်ကူးပြီး ကတည်းက ပထမဆုံးအနေနဲ့ တရုတ်ရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခုကို ပြန်လည် ရိုက်ကူးထုတ်လုပ်ခြင်းလည်း ဖြစ်ပါတယ်။

ချုံဂျီဝူး **(အပေါ်ပုံ)**ဟာ၂၀၀၄ ခုနှစ်က 101st Proposal အမည်ရှိတဲ့ တရုတ်ဒရာမာရုပ်မြင်သံကြား ဇာတ်လမ်းတွဲကို ရိုက်ကူးခဲ့ခြင်းဖြစ်ပါတယ်။ အခုရိုက်ကူးနေတဲ့ City's Lovers ဇာတ်လမ်းတွဲကတော့ အခုဇူလိုင်လအတွင်းမှာ ထုတ်လုပ်နိုင်ဖို့ ကြိုးစားနေခြင်းဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီး ချုံဂျီဝူးဟာ တောင်ကိုရီးယားနိုင်ငံမှာ Winter Sonata အမည်ရှိတဲ့ ဒရာမာဇာတ်လမ်းတွဲနဲ့ စတင်နာမည်ကြီးခဲ့သူဖြစ်ပြီး အသက် ၃၂ နှစ်အရွယ်ရှိပြီဖြစ်ပါတယ်။

သူမဟာ ၂၀၀၇ခုနှစ်က အမ်ဘီစီရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်ခဲ့တဲ့ Air City ဒရာမာဇာတ်လမ်းတွဲမှာ တွဲဖက်ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်မင်းသား လီဂျင်ဟွတ်နဲ့ လူသိရှင်ကြားတွဲခဲ့ပေမယ့် ၂၀၁၁ ခုနှစ်မှာ လမ်းခွဲခဲ့ကြပါတယ်။ ၂၀၁၁ ခုနှစ်အတွင်းမှာ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေဖြစ်တဲ့ Fu yu no Sakura နဲ့ Can' t Lose အမည်ရှိ ဒရာမာဇာတ်လမ်းတွဲတွေ ရိုက်ကူးခဲ့ပြီး တီဘီအက်စ်နဲ့ အမ်ဘီစီရုပ်မြင်သံကြားလိုင်းတွေက ထုတ်လွှင့်ပြသခဲ့တာ လူကြိုက်များခဲ့ပါတယ်။

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ချုံဂျီဝူးဟာ ဂျပန်ရုပ်မြင်သံကြားဇာတ်လမ်းတွဲဖြစ်တဲ့ RONDO မှာ ပါဝင်သရုပ်ဆောင်ခဲ့ဖူးပြီး အခုတရုတ်ဒရာမာရုပ်မြင်သံကြား ဇာတ်လမ်းတွဲဖြစ်တဲ့ 101st Proposal ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားကာ ထုတ်လုပ်ဖို့ စီစဉ်နေတာပဲဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီး ချုံဂျီဝူးဟာ သူမကိုယ်တိုင် ထူထောင်ထားတဲ့ C , JW ကုမ္ပဏီကနေပြီး အဲဒီတရုတ်ဒရာမာ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲကို ထုတ်လုပ်မှာ ဖြစ်ပါတယ်။ **(အင်တာနက်)**

# ရာသီအကြို ခြေစမ်းပွဲများ ယှဉ်ပြိုင် မန်စီးတီးတို့ ရှုံးပွဲနှင့်ရင်ဆိုင်ခဲ့ရ

**မောင်မောင်မြင့်ဆွေ စုစည်းသည်**



***လန်ဒန် ဇူလိုင် ၁၄***

*၂၀၁၂-၂၀၁၃ ဘောလုံးရာသီ အကြိုခြေစမ်းပွဲများကို ယှဉ်ပြိုင်ကစားလျက်ရှိရာ ပရီမီယာလိဂ်ချန်ပီယံမန်စီးတီး အသင်းနှင့် ဆော်ဒီအာရေဗျကလပ်အယ်ဟိုင်လာအသင်းတို့ ဇူလိုင် ၁၄ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ မန်စီးတီးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးပွဲကြုံတွေ့ခဲ့သည်။* ***(ယာပုံ)***

*မန်စီးတီးအသင်းသည် တီဗက်ဇ်၊ ယာယာတိုရေးတို့အပါအဝင် အဓိကပွဲထွက် ကစားသမားများ ပါဝင်ကစားခဲ့သော်လည်း အယ်ဟိုင်လာအသင်းကို အနိုင်မကစား နိုင်ခဲ့ချေ။ အယ်ဟိုင်လာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၉ မိနစ်၌ အလာဘတ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။*

*ပွဲချိန်ပြည့်သည်အထိ မန်စီးတီးတို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ နောက်ထပ်ခြေစမ်းပွဲအဖြစ် မာဆေးလ်နှင့် ဘင်ဖီကာအသင်းတို့ပွဲတွင် ဘင်ဖီကာက နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ဘင်ဖီကာအတွက် ဂိုးများကို ပွဲချိန် ၃၇ မိနစ်၌ ကာဒိုဇိုက ပယ်နယ်တီမှ တစ်ဂိုးသွင်းယူပေးခဲ့ပြီး ပွဲချိန်မိနစ် ၉၀ ၌ မာတင်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး ဘင်ဖီကာတို့က နှစ်ဂိုးပြတ်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဆက်လက်ပြီး လိုင်ယွန်နှင့် ဘီလ်ဘာအိုတို့ပွဲတွင် ဘီလ်ဘာအိုက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ လိုင်ယွန်အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် မိနစ် ၇၀ ၌ ဇီဖန်က သွင်းယူပေးခဲ့ပြီး ဘီလ်ဘာအိုအတွက် ချေပဂိုးကို ၇၈ မိနစ်၌ အဒူဇစ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။*

*ဆက်လက်ပြီး ပွဲချိန် ၈၈ မိနစ် ၌ အဒူဇစ်ကပင် အနိုင်ဂိုးသွင်းယူပေးခဲ့ရာမှ ပွဲအပြီး ဘီလ်ဘာအိုတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။* ***(အင်တာနက်)***

# မုတ်သုံလေအား အသင့်အတင့်ရှိမည်

**နေပြည်တော် ဇူလိုင် ၁၄**

**ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပေါင်မြို့တွင် ၄ ဒသမ ၇၆ လက်မ၊ သပိတ်ကျင်းမြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၀၃ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ဗန်းမော်မြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ထားဝယ်မြို့နှင့် ညောင်လေးပင်မြို့တို့တွင် ၂ ဒသမ ၄၀ လက်မစီ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ရွှေကျင်မြို့နှင့် သထုံမြို့တို့တွင် ၂ ဒသမ ၁၇ လက်မစီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေအား အသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၁၀၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၁၀၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## ဆန်စပါးလုပ်ငန်းအသင်းပြပွဲကျင်းပ အော်ဂဲနစ်ဆန်များ ပါဝင်ပြသ

ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ပထမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးနှင့် ပြပွဲကို ဇူလိုင် ၁၄ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပရာ တောင်သူလယ်သမားများနှင့် အများပြည်သူများအတွက် လယ်ယာစိုက်ပျိုးရေး ဗဟုသုတဆိုင်ရာပြခန်းများကို ခင်းကျင်းပြသလျက်ရှိသည်။ အဆိုပါပြပွဲတွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံး Organic ထောက်ခံချက်လက်မှတ် ရရှိခဲ့သည့် Organic (သဘာဝ)ဆန် ပြခန်းကိုလည်း ပြသထားရာ ပြပွဲလာပရိသတ်များမှ စိတ်ဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

Organic(သဘာဝ)ဆန်ကို သဘာဝမြေသြဇာများဖြစ်သည့် နွားချေး၊ စက်ဖွဲပြာများကို အသုံးပြု၍ သဘာဝအတိုင်း နုန်းတင်မြေနုပေါ်တွင် ဒီရေအတက်အကျဖြင့် စိုက်ပျိုးနိုင်ပြီး တစ်နှစ်လျှင် တစ်သီးသာ စိုက်ပျိုးနိုင်ကြောင်း သိရသည်။ အော်ဂဲနစ်ဆန်သည် စားသုံးရာ၌ နူးညံ့ပျော့ပျောင်းမှုရှိပြီး တစ်နှစ်ပတ်လုံး သိုလှောင်စားသုံးနိုင်ကြောင်း၊ ထမင်း၏ အနှစ်သာရကို အပြည့်အဝ ရရှိစေနိုင်ကြောင်း သိရသည်။

**ပေးအပ်**

အော်ဂဲနစ် ထောက်ခံချက်လက်မှတ်ကို ကိုယ်တိုင်စိုက်ပျိုးပြီး ကုန်ချောအဖြစ်သို့ ထုတ်လုပ်ကာ စျေးကွက်ထဲသို့ ဖြန့်ဖြူးရောင်းချခြင်းအပြင် အမှန်တကယ်သဘာဝမြေသြဇာများကို အသုံးပြု၍ စိုက်ပျိုးသူများကိုသာ အဖွဲ့မှ ကွင်းဆင်းစစ်ဆေးပြီး ထုတ်ပေးခြင်းဖြစ်သည်။ မျိုးရိုးဗီဇပြုပြင်၍ စိုက်ပျိုးခြင်း၊ ဓာတုမြေသြဇာနှင့် ဓာတုပိုးသတ်ဆေးများ သုံးစွဲခြင်းမရှိဘဲ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများကိုသာ အော်ဂဲနစ် ထောက်ခံချက်လက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**(ဆန်စပါးလုပ်ငန်းအသင်း)**



ဇူလိုင် ၁၂ ရက်က သုဝဏ္ဏမြို့ (၂၉)ရပ်ကွက်အပိုင် ၁၅-၁၆-၁၇ အတွင်းရှိ အသက်(၈၀)အထက် အဘိုးအဘွားများအား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာ လူမှုရေးအဖွဲ့တာဝန်ခံ ဦးမြင့်အောင်က အဘွားတစ်ဦးအား ကျန်းမာရေးစရိတ် ထောက်ပံ့လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

## မြန်မာ့အလင်း ပြည်တွင်းအားကစား



### အာရှလူငယ်နှင့် အငယ်တန်းအလေးမပြိုင်ပွဲအတွက် ပဏာမလူရွေး

*ရန်ကုန် ဇူလိုင် ၁၄*

*အာရှအလေးမအဖွဲ့ချုပ်ကကြီးမှူး၍ အာရှလူငယ်နှင့် အငယ်တန်းအလေးမတံခွန်စိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၁၂ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပဏာမလူငယ်လက်ရွေးစင် ရွေးချယ်နိုင်ရေးအတွက် အလေးမပြိုင်ပွဲကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမဆောင်၌ ကျင်းပသည်။* ***(ယာပုံ)*** *ထိုပြိုင်ပွဲမှ အမျိုးသားလူငယ် ၁၀ ဦးနှင့် အမျိုးသမီးလူငယ် ၁၁ ဦး စုစုပေါင်း ၂၁ ဦး ရွေးချယ်ပြီး ဆက်လက်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။*

*ထို့နောက် အာရှလူငယ်နှင့် အငယ်တန်းအလေးမတံခွန်စိုက်ပြိုင်ပွဲ (Asian Youth & Jounior Weightlifting Championships 2012) ကို စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ဆပ်ကော်မတီများ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူများ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်ချစ်နှင့် ဦးကျော်အောင်စိုးတို့က အမှာစကားပြောကြားသည်။ ယင်းနောက် ဖွဲ့စည်းထားသော ဆပ်ကော်မတီခြောက်ခုမှ သက်ဆိုင်ရာ ဆပ်ကော်မတီဝင်များက မိမိနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို ကြိုတင်ညှိနှိုင်းဆွေးနွေးကြကြောင်း သိရှိရသည်။*

***(မြန်မာ့အလင်း)***

## ဥရောပအဆင့်မြင့် လူငယ်ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာအသင်းယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၁၄

အင်္ဂလန်နိုင်ငံ Fairhaven Golf Club ၌ ဇူလိုင် ၁၆ ရက်မှ ၁၈ ရက် အထိ ကျင်းပမည့် ဥရောပအဆင့်မြင့် လူငယ်ဖိတ်ခေါ် The Junior Open Championship 2012 ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံကိုယ်စားပြု လူငယ်ဂေါက်သီးရိုက်အသင်းသည် ဇူလိုင် ၁၃ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ နည်းပြချုပ်များဖြစ်ကြသော ဦးချမ်းဟန်၊ ဦးကိုကိုလေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

အဆိုပါ ဂေါက်သီးရိုက်အသင်းတွင် ပြိုင်ပွဲဝင်လူငယ်အားကစားသမားအဖြစ် စည်သူရဲရင့်နှင့် အသင်းအုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးထွန်းတို့ လိုက်ပါသွားသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကမ္ဘာ့အဆင့်ဂေါက်သီးအဖွဲ့အစည်းကြီးများနှင့် ဆက်သွယ်ကြိုးပမ်းမှုများကြောင့် R&A မှပထမဦးဆုံးသော ဥရောပအဆင့်မြင့်ပြိုင်ပွဲသို့ ဖိတ်ကြားခံရပြီး ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဖိတ်ကြားထားသူများ စဉ်ဆက်မပြတ်သွားရောက်ယှဉ်ပြိုင်ပါက အမေရိကန်နိုင်ငံတွင် ကျင်းပသည့် ပွဲစဉ်များအထိ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိလာမည်ဖြစ်ပြီး မြန်မာဂေါက်သီးအားကစားသမားများ ကမ္ဘာ့အဆင့်ဂေါက်သီးလမ်းကြောင်းပေါ်သို့ တက်လှမ်းနိုင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်လာစေမည်ဖြစ်ကြောင်းနှင့် မြန်မာဂေါက်သီးအားကစားမြှင့်တင်ရေးတွင် လိုအပ်နေသော နည်းပြမွမ်းမံသင်တန်းများနှင့် ဂေါက်ကွင်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် ပတ်သက်၍လည်း R&A မှ တာဝန်ရှိသူများနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**





## ယာဉ်တိုက်မှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၁၄**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် သီရိမဏ္ဍိုင်လမ်းဆုံ၌ ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ရာဇသင်္ဂဟလမ်းအတိုင်းမှ ရာဇဌာနီအဝိုင်းဘက်သို့ ယာဉ်မောင်း ကျော်မင်းထက် မောင်းနှင်လာသော မစ်ဆူဘီရှီ ၇ခ/------နှင့် နေပြည်တော်ဘူတာလမ်း (တောင်နှစ်လုံးကြား)ကုန်းဆင်းမှ သီရိမဏ္ဍိုင်လမ်းဆုံဘက်သို့ ယာဉ်မောင်း ဦးအေးလွင် မောင်းနှင်လာသော ဂျစ်ကား ၈ဂ/----- မစ်ဆူဘီရှီကားတို့ တိုက်မိခဲ့ရာ မစ်ဆူဘီရှီမော်တော်ယာဉ်ပေါ် လိုက်ပါလာသူ ၁၀ ဦး ဒဏ်ရာရရှိသဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူနေရကြောင်းနှင့် ၎င်းယာဉ်တိုက်မှုကို သက်ဆိုင်ရာက ဆက်လက်စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သမဝါယမအသင်းများ၏ စုပေါင်းအခွန်ငွေပေးအပ်ပွဲကို ဇူလိုင် ၁၂ ရက်က သိမ်ဖြူလမ်း ရွှေပြည်စိုးစားတော်ဆက်ခန်းမ၌ကျင်းပရာ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် စုပေါင်းအခွန်ငွေ ၁၆၀၆၂၂၆ ကျပ်ကို ဦးစီးအရာရှိ ဦးသက်ပြင်းနှင့် အသင်းစုဥက္ကဋ္ဌ ဒေါက်တာစိန်မြတို့က ဒုတိယမြို့နယ်အခွန်ဦးစီးမှူး ဦးဇော်သိန်းထံ ပေးအပ်စဉ်။ (၀၂၇)

## မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၁၄-၇-၂၀၁၂

➢ ကိုလင်း - စုစည်းသည် ➣

### မိမိစေတနာက မိမိကို အကျိုးပေး၏စာအုပ် ထုတ်ဝေဖြန့်ချိ



*စာရေးစာဆရာ သခင်အောင်ဖေ ရေးသားသည့် ဒီလိုပြောချင်သည် မိမိစေတနာက မိမိကိုအကျိုးပေး၏ စာအုပ်ထုတ်ဝေဖြန့်ချိလိုက်သည်။*

*စာအုပ်တွင် ရှေးဟောင်းစာပေများကို ချဉ်းကပ်လေ့လာခြင်း၊ အမျိုးကိုချစ်သည်ဆိုရာဝယ်၊ မိမိစေတနာ မိမိကို အကျိုးပေး၏၊ သက်ကြီးစကား မှတ်သားစရာ၊ အစွဲဖျောက်ကြပါ၊ ရပ်ဝေးလေ့ ရွာဝေးလေ့ မမေ့ကြစေချင်၊ လောကဓံကို ရင်ဆိုင်နိုင်ကြပါစေ၊ ယုံတမ်းစကားလေလား၊ သတိနှင့်ယှဉ် မေတ္တာဝင်၊ ဂီတဆိုသည်မှာ၊ တောင်တော်ရွှေပုပ္ပား၊ အသရေမချို့သည့် ပြည်မြို့၊ သဘင်သုံးရပ်အရေး၊ ဇာတ်ခုံပေါ်က သခင်တရားဟောသောဇာတ်မင်းသား၊ အေးချမ်းသာယာလာအောင်၊ ချွေတာရေးဆောင်းပါး ရေးမလို့၊ ကျွန်တော်သိသော ရွှေဒုံးဘီအောင်၊ ချီးကျူးဂုဏ်ပြုခြင်း စသည့် ၂၁ ခန်းခွဲ၍ ရေးသားထားသည်။*

*စာအုပ်ကို ပြည်လုံးကျွတ်ဖြန့်ချိရေး New Tiger စာပေ အမှတ် ၂၁၆ ကမ်းနားလမ်း (၂၉ လမ်းနှင့် ကမ်းနားလမ်းထောင့်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၆-၂၆၀၈၀ က တစ်အုပ်လျှင် ငွေကျပ် ၂၃၀၀ ဖြင့် ဖြန့်ချိထားသည်။*

### ကျွန်တော့်ကိုယ်တွေ့ အရိုးကျီးပေါင်း ရောဂါကုထုံး ဆေးဝါးများစာအုပ်ဖြန့်ချိ



***ဒေါက်တာဆရာမြင့်(စကြာမင်း)၏ ကျွန်တော့်ကိုယ်တွေ့အရိုးကျီးပေါင်းရောဂါကုထုံးဆေးဝါးများ စာအုပ်ကိုတတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။***

***ဤစာအုပ်တွင် လေငန်းလေလားကျီးပေါင်းလား၊ ပခုံးဆစ်ကျီးပေါင်း ရောဂါနှင့်ကုထုံးဆေးဝါးများ၊ ခါးဆစ်ရိုးကျီးပေါင်းရောဂါ၊ အရိုးကျီးပေါင်းရောဂါနှင့် ပန်းညိုးပန်းသေရောဂါ၊ ဒူးဆစ်ကျီးပေါင်းရောဂါနှင့် အဆစ်နာရောဂါ၊ ခြေဖနောင့်ရိုးအတက်ထွက်ကုထုံး၊ အရိုးကျီးပေါင်းပျောက်ဆေးနည်းများ၊ အရိုးကျီးပေါင်းရောဂါသိမှတ်စရာများ၊ အရိုးကျီးပေါင်းရောဂါအတွက် ထိရောက်အစွမ်းထက်သော ကုထုံးဆေးနည်းများကို ဖော်ပြထားသည်။***

***ဤစာအုပ်ကို အထက(၁) ရန်ကင်းကျောင်းရှေ့ ရန်အောင်စာပေ ဖုန်း-၀၉-၇၃၂၄၃၈၅၁၊ ၀၉-၅၁၇၉၃၉၈မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။***

### Multimedia စာသင်ကြားရေး နည်းပညာသဘာဝသိပ္ပံစာအုပ်ထုတ်ဝေ



*စာရေးသူ သရ (ICT) ပြုစုသောMultimedia စာသင်ကြားရေးနည်းပညာGrade-1 (သူငယ်တန်းအဆင့်) သဘာဝသိပ္ပံစာအုပ် ထွက်ရှိလာသည်။ သူငယ်တန်းအဆင့် ပညာရေးဆိုင်ရာ စာအုပ်များဖြစ်၍ သုံးနှစ်အရွယ်ကလေးများမှစတင်၍ သင်ယူနိုင်ပြီး အနာဂတ်ပညာရေးအတွက် အကောင်းဆုံးအထောက်အပံ့ ဖြစ်စေမည့် Vedio CD စနစ်ဖြင့် ဖန်တီးထားသည်။ ကလေးများစာသင်ပျော်၍ စာတော်စေရန်အတွက် အထူးစီစဉ်ထားသော စာအုပ်ဖြစ်သည်။ အိမ်သုံး VCD,DVD, EVD စက်များဖြင့် အလွယ်တကူ သင်ကြားနိုင်သော Multimedia စနစ်ဖြစ်သည်။ အဆိုပါ စာအုပ်ကို မဇ္ဈိမစာပေ အမှတ် (၂၃၇)၊ ၃၉ လမ်း၊ အထက်ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ ဖြန့်ချိထားသည်။*

### ဒဂုန်တာရာ၏ နေ့စဉ်မှတ်တမ်းစာအုပ် ထုတ်ဝေဖြန့်ချိ



***စာရေးဆရာဒဂုန်တာရာ ရေးသားထားသော နေ့စဉ်မှတ်တမ်းစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။***

***မဟေသီမဂ္ဂဇင်းနှင့် ကလျာမဂ္ဂဇင်းတို့တွင် ရေးသားခဲ့သောစာစုများနှင့် ငြိမ်းချမ်းရေးပန်ကြားလွှာများကို စုစည်းထားခြင်းဖြစ်သည်။ ကဗျာလည်းမရေး၊ ဝတ္ထုလည်း မရေး၊ စန္ဒရားလေးနှင့်သာနေရလျှင် ကောင်းမည်ဟု ရေးသားထားသော အိမ်လွမ်းစိတ္တဇ၊ နိုင်ငံရေးဂျစ်ပစီကတော့ အိမ်နီးချင်းများကို ခေါင်းကိုက်စေသူဟု ရေးသားထားသော ဂျစ်ပစီတေးသံ၊ မျက်စိမြင်လျှင် ဦးတည်ချက်လွဲစရာမလိုဟု ရေးသားထားသော ချယ်ရီတုတ်နှင့်ဂေါ်ရခါးရွက်စိမ်း၊ သမိုင်းဆိုသည်က တော်တော်နှင့်ရန့်မပြယ်စသည့်စာစုများကို ဖော်ပြထားသည်။***

***ဤစာအုပ်ကို စပယ်စာအုပ်တိုက် အမှတ်(၁၁၀/၁၁၂) ၃ဘီ ၄၈လမ်း (အလယ်ဘလောက်) ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၁-၃၉၈၆၅၇၊ ၀၉-၅၄၁၃၇၂၀မှ ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။***

### မျက်နှာသစ်ပြီးမှသွားတိုက်ပါနှင့် နေ့စဉ်ဘဝနေထိုင်နည်းများစာအုပ်ထုတ်ဝေ



*စာရေးဆရာ ကြည်လွင်မြင့်(မုဒြာ) ရေးသားထားသော မျက်နှာသစ်ပြီးမှ သွားတိုက်ပါနှင့် နေ့စဉ်ဘဝနေထိုင်နည်းများစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။*

*နေ့စဉ် သွားလာလှုပ်ရှား နေထိုင်စားသောက် အိပ်စက်ရင်း ကြုံရလေ့ရှိသည့် လူမှုဘဝကိစ္စရပ်များမှ လွယ်လွယ်နှင့်မေ့နေကြသည်များ၊ အမှုမဲ့အမှတ်မဲ့ဖြစ်နေသည့် အမှားများနှင့် ဆောင်ရန်ရှောင်ရန်များကို တိုင်းရင်းဆေးနှင့် ရိုးရာဆေးပညာရှုထောင့်မှ တင်ပြထားခြင်းဖြစ်သည်။ မျက်နှာသစ်ပြီးမှ သွားတိုက်ပါ၊ သွားကြားထိုးတံ၊ သွားနာ၊ သွားကိုက်ခြင်းနှင့် အိမ်သုံးဆား၊ နေ့လယ်စာစားပြီး တစ်ရေးအိပ်သင့် မအိပ်သင့်၊ ဝမ်းနုတ်ဆေးအမြဲစားနေသူတွေ သတိပြုစရာ၊ ဝလာရင် သတိထား၊ သွေးတိုးရောဂါနှင့် လေစာ၊ ဆေးလိပ်တစ်လိပ် အသက်တစ်ချောင်း စသည့်ဆောင်းပါးများ ပါဝင်သည်။*

*အဆိုပါ စာအုပ်ကို အလင်းသစ်စာပေ အမှတ်(၁၇) အခန်း (၆၀၁) ၅၂လမ်း (အောက်) ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိထားသည်။*

# မွေးနေ့မင်္ဂလာဆုတောင်း

## ဦးသန့်ဇင်သောင်း

**(M.D Aung Thaung Co., Ltd.)**

**(Executive Director Yangon Transformer & Electrical Co., Ltd.)**

၁၅-၇-၂၀၁၂ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး ပျော်ရွှင်ဖွယ်မွေးနေ့ပေါင်းများစွာကို ပိုင်ဆိုင်နိုင်ပါစေ-

**အောင်သောင်းကုမ္ပဏီလီမိတက်(ရုံးချုပ်)**
**ဝန်ထမ်းမိသားစု**

**ရန်ကုန်ထရန်စဖော်မာလျှပ်စစ်ပစ္စည်းကုမ္ပဏီလီမိတက်**
**စက်ရုံဝန်ထမ်းမိသားစု**

**အောင်သောင်းကုမ္ပဏီလီမိတက်နှင့်**
**ရန်ကုန်ထရန်စဖော်မာဝန်ထမ်းမိသားစု**
**(နေပြည်တော်ရုံးခွဲ + မန္တလေးရုံးခွဲ)**

# လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ မသန်စွမ်း သက်ငယ်သင်တန်းကျောင်းဝင်းအတွင်း ဆောက်လုပ်လှူဒါန်းပေးမည့် RC နှစ်ထပ် ကျောင်းဆောင်သစ်အတွက် ၁၂-၇-၂၀၁၂ရက်တွင် ပန္နက်တော်တင်မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပ ဆောင်ရွက်နိုင်ခြင်းအတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဆတက်ထမ်းပိုး တိုး၍ လှူဒါန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဦးမောင်မောင်-ဒေါ်အေးတင်**
**ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးလီမိတက်**


# မြန်မာဆန်ဆန်လေးနှင့် လှသည်

## ရွှေပြည်နန်းမှရရှိထားသောနိုင်ငံတကာအသိအမှတ်ပြု ဆုတံဆိပ်နှင့်အရည်အသွေးဆိုင်ရာလက်မှတ်များ




## မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

e-mail:thanakha@myanmar.com.mm, Website:www.shwepyinann.com




## (စင်ထရယ်)အထက(၁)လသာကျောင်းသားဟောင်းများက မြတ်ဆရာများအား ပူဇော်ကန်တော့မည်

၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ (စင်ထရယ်)အထက(၁) လသာ ကျောင်းသားဟောင်းများသည် နှစ်စဉ် စဉ်ဆက်မပြတ် ပူဇော်မြဲဆရာကြီးဆရာမကြီးများအား ၂၀၁၂ခုနှစ် အောက်တိုဘာ ၃၀ရက်၊ သီတင်းကျွတ်လပြည့်(အင်္ဂါနေ့) နံနက် ၈ နာရီတွင် အထက(၁)လသာဗဟိုစံပြခန်းမဆောင်၌ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ပါသည်။

အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲအတွက် ကျင်းပရေးကော်မတီမှ အမှုဆောင်အဖွဲ့ဝင်များ ကိုယ်တိုင်လာရောက်အလှူခံမည်ဖြစ်ပါ၍ ပြည်တွင်း/ပြည်ပကျောင်းသားဟောင်းများက စိတ်အားထက်သန်စွာ ပါဝင်လှူဒါန်းကြပါရန်နှင့် အောက်ပါဖုန်းနံပါတ်များသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဗိုလ်မှူးချစ်ညွန့်(ငြိမ်း) | -၀၉-၅၀၀၁၃၇၈ | ဗိုလ်မှူးခင်ညို(ငြိမ်း) | -၀၉-၅၆၀၉၀၃၆ |
| ဦးခင်မောင်စိန် | -၀၉-၅၀၀၆၀၅၂ | ဦးအောင်နိုင် | -၀၉-၅၀၆၈၉၆၈ |
| ဦးထွန်းအောင်လှိုင် | -၀၉-၅၁၆၄၇၄၁ | ဦးခင်မောင်ဘို | -၀၉-၄၃၀၅၁၁၈၁ |
| ဦးအမင်း | -၀၉-၇၃၀၄၈၅၀၃ | ဦးခင်မောင်ကြီး | -၀၉-၄၉၂၉၅၀၂၀ |
| ဦးအေးထွန်း | -၀၉-၅၁၅၉၂၇၂ | ဦးအောင်လှ(ရဲကျော်စွာ) | -၀၉-၅၅၅၃၃၅၅ |
| ဦးစိန်ထွေး | -၀၉-၇၃၀၃၁၉၀၆ | ဦးခင်အောင် | -၀၉-၇၃၀၂၉၃၅၃ |
| ဦးဇော်ဝင်း | -၀၉-၅၁၉၂၇၉၀ | ဦးချစ်ဆွေ | -၀၉-၅၁၂၀၈၈၆ |
| ဦးနိုင်ငွေးဝင်း | -၀၉-၅၁၈၇၂၁၂ | ဦးတင်မောင်မြင့် | -၀၉-၅၀၄၃၆၂၉ |

## ဖခင်အမည်မှန်

အထက(၂) ကမာရွတ် ဒုတိယတန်း(ဂ)မှ မဆုနှင်းထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်စိုး ဖြစ်ပါသည်။ **ဦးအောင်ကျော်စိုး**

## ပျောက်ဆုံး

မယဉ်မင်းပိုက် ၁၂/ဗဟန(နိုင်)၀၁၈၅၅၀ ၏ ပတ်ပို့စ်စာအုပ် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းပေးပါရန်။

**ဖုန်း-၀၉-၅၁၂၇၁၇၆**

## ပျောက်ဆုံးခြင်း

ကျွန်တော် မောင်ဖြိုးကျော် ၅/ဟမလ(နိုင်)၀၇၀၈၇၉ သည် မေလ ၂၀၁၂နှစ်တွင် 4-Ticket လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၃၁၂၁၁**

## ဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရှင် ငါးဦးဖြစ်ကြသော ... ဘာသာရပ်ဆိုင်ရာဆရာ ဆရာမများနှင့်အတူ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

**ကျောက်ကုန်းစာသင်ဝိုင်း**

အမှတ် ၆(က)၊ ကျောက်ကုန်းလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၇၃၀၈၆၅၂၈၊ ၀၉-၅၁၁၆၂၃၀၊ ၀၉-၅၁၁၆၂၃၂







## ကားရောင်းမည်

Toyota CAMRY- Black
2002, 2.4CC
**ကျပ် သိန်း ၂၁၀။**
**ဖုန်း-၀၉-၅၅၀၂၂၇၂**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၇-၂၀၁၂ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၈)ကန့်ကွက်ရန်ကြော်ငြာ၌ ဒေါ်မြသိန်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၇၆၄/သ/၂၆-၄-သ ဖြင့် (ဦးနောင်အောင်)အစားဦးနေဝင်းအောင်၁၂/ပဘတ(နိုင်)၀၀၁၂၅၁ဟု ပြင်ဆင်ဖတ်ရှုပါရန်။




## လူပျောက်ကြော်ငြာ



အထက်ပါဓာတ်ပုံရှင်ကိုအောင်မြင့်(၄၁)နှစ်သည် ၇-၇-၂၀၁၂ ရက် ည ၉း၃၀ နာရီတွင် နေအိမ်မှ ဆိုင်ကယ်နှင့်အတူ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားသူအား ကျေးဇူးဆပ်ပါမည်။

**ဇနီး-ဒေါ်ချို**
**(ဝေါမြို့)**
**ဖုန်း-၀၅၂-၇၅၃၀၁၊**
**၀၉-၄၂၀၀၂၃၃၉၃**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(က)မှ မဇင်မိုးထက်၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ဖြစ်ပါသည်။

**ဦးဗိုလ် ၅/ယမပ(နိုင်)၀၁၇၃၈၄**

## ဖခင်အမည်မှန်

အထက(၂)ဒဂုံတောင် တက္ကသိုလ်ဝင်တန်း(B)တွင် ပညာသင်ကြားနေသော မရည်မွန်သိမ့်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဝင်း ဖြစ်ပါသည်။ **ဦးအောင်ကျော်ဝင်း**

**၁၂/လကန(နိုင်)၀၀၂၁၅၉**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

Rhino Original




15-7 (14).pmd 1 7/15/2012, 2:57 AM

# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်
# (ရန်ကုန်၊ မန္တလေး)
## ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်၊ မန္တလေး)၊ ပထမနှစ်သင်တန်းသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအား မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ရမည်။

(ခ) ပညာသင်နှစ်စတင်သည့်ရက်၌ အသက်(၂၀)ထက်မကျော်စေရ။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါချို့ယွင်းမှုမရှိစေရ။

(ဃ) အနုပညာဝါသနာပါသူဖြစ်ရမည်။

၂။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် သင်ကြားမည့်အထူးပြုဘာသာရပ်အလိုက် အောက်ပါအတိုင်း ဘွဲ့များအပ်နှင်းမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့်အထူးပြုဘာသာရပ်ကို မိမိတို့ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည်-

| | အထူးပြုဘာသာ | သင်တန်းကာလ | ဘွဲ့အမည် |
|---|---|---|---|
| (က) | ဂီတအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ဂီတ) |
| (ခ) | သဘင်အထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(သဘင်) |
| (ဂ) | ပန်းချီအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ပန်းချီ) |
| (ဃ) | ပန်းပုအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ပန်းပု) |
| (င) | ရုပ်ရှင်နှင့်ပြဇာတ်အထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့်ပြဇာတ်) |

**[ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြုတက်ရောက်လိုသူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌သာ တက်ရောက်ရမည်ဖြစ်သည်]**

၃။ ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီခဲ့ပါက ဂုဏ်ထူးတန်းသင်တန်းများသို့ ဆက်လက်တက်ရောက်ခွင့်ရှိပြီး သင်တန်းကာလ(၃)နှစ် ထပ်မံတက်ရောက်၍ ဂုဏ်ထူးတန်းဘွဲ့များအား အပ်နှင်းသွားမည်ဖြစ်ပါသည်။

၄။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တက်ရောက်ရေးအတွက် တက္ကသိုလ်ဝင်စာမေးပွဲအား ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) သို့လည်းကောင်း လျှောက်ထားတက်ရောက်ကြရမည်။

၅။ ထို့အပြင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ တက်ရောက်ခွင့်ရရှိသူများသည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနနှင့် MCC တို့ပူးပေါင်းဖွင့်လှစ်လျက်ရှိသော အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း၌ သင်တန်းကြေး၏ ၅၀ ရာခိုင်နှုန်းကိုသာ ပေးသွင်း၍ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

၆။ လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၁/ဈ၊ အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၌လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၌လည်းကောင်းဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။

၇။ လျှောက်လွှာပုံစံနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းထောက်ခံချက်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ ထောက်ခံချက်မူရင်း၊ ကျန်းမာကြောင်းထောက်ခံချက်၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံငါးပုံတို့နှင့်ပူးတွဲလျက် **အောက်တိုဘာ ၂၀ ရက် နောက်ဆုံးထား၍** အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေးသို့ တိုက်ရိုက်ပေးပို့ကြရမည်ဖြစ်ပြီး **အောက်တိုဘာ ၂၅ ရက်တွင် လူတွေ့စစ်ဆေးမည်** ဖြစ်ပါသည်။

၈။ တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းမူရင်းကို လူတွေ့စစ်ဆေးရန်လာရောက်သည့်အခါ တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကိုသိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဖုန်း-၀၁-၅၉၀၂၅၂၂သို့လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ဖုန်း-၀၈၅-၄၀၁၈၄သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဇော်ဦး**
**မော်ကွန်းထိန်း**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

---

## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ(ကန်ကြီးထောင့်)၊ ဧရာဝတီတိုင်းဒေသကြီးမှ အသုံးမပြုတော့သည့် သံတိုသံစပစ္စည်းအဟောင်းများ စုစုပေါင်းအလေးချိန် ၁၀ တန်ခန့်ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၇-၂၀၁၂ ရက်မှ ၂၄-၇-၂၀၁၂ ရက်အထိ(ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်။
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်-၇ (က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်**-၂၅-၇-၂၀၁၂ ရက် (ဗုဒ္ဓဟူးနေ့)
**အချိန်နှင့်နေရာ**-မွန်းတည့် ၁၂ နာရီ၊ ရုံးအမှတ်(၄၄)၊နေပြည်တော်၊
**တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်**-၂၅-၇-၂၀၁၂ ရက် ၁၃း၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အပြိုင်ဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | DV Cam Vedio Tape | 75 Nos |
| (ခ) | ကိရိယာလှောင်အိမ်များ | 30 Nos |
| (ဂ) | Thermometer များ | 1 Lot |
| (ဃ) | မိုးလေဝသတိုင်းတာရေးကိရိယာများ | 1 Lot |
| (င) | ရုံးသုံးစာရေးကိရိယာများ | (၄၄)မျိုး |
| (စ) | စက်နှင့်စက်ကိရိယာတန်ဆာပလာများ | |
| | (၁) PH/ Conductivity/ TDS meter | 2 Nos |
| | (၂) Lawn Mower (ကျော့လွယ်) | 10 Nos |
| | (၃) Air Conditioner | 15 Nos |
| | (၄) Spare Parts for Studio Equipment | 1 Lot |
| | (၅) Automated Attendant | 1 Lot |
| (ဆ) | ရုံးသုံးစက်ကိရိယာများ | |
| | (၁) Computer | 10 Nos |
| (ဇ) | ရုံးသုံးပရိဘောဂပစ္စည်းများ | |
| | (၁) Computer Table | 10 Nos |
| | (၂) Steel Cabinet | 10 Nos |
| (ဈ) | တာယာ (ဆိုဒ်စုံ) | (၁၁)မျိုး |
| (ည) | ဘက်ထရီများ | (၄)မျိုး |

၂။ တင်ဒါပိတ်ရက်မှာ ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၁၅း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ**
**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ် (၅)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၃၂၊ ၄၁၁၄၄၆**

---

**အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို**
**အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**နေပြည်တော်ခရိုင်တရားရုံးတော်၌**
**၂၀၁၂ခုနှစ် တရားမအယူခံမှုအမှတ်-၁၉**

ဦးစိန်လှိုင် — နှင့် — ၁။ ဒေါ်အုံးကြည် ၂။ ဒေါ်မာမာလွင်

**အယူခံတရားလို** — **အယူခံတရားပြိုင်များ**

၂၀၁၂ခုနှစ် မေ ၂၄ရက်စွဲပါ ပျဉ်းမနားမြို့နယ်တရားရုံးတော်မှ တရားမကြီးမှုအမှတ်-၃၇/၂၀၁၁တွင်ချမှတ်သည့်စီရင်ချက်နှင့် ဒီကရီကိုအယူတော်ခံမှု။

အယူတော်ခံတရားပြိုင် ဒေါ်အုံးကြည်(ဘ)ဦးထွန်း၊ ကျီးအင်းလမ်း၊ ကျီးအင်းရပ်ကွက်၊ ပျဉ်းမနားမြို့(သို့မဟုတ်) စက်ကုန်းကျေးရွာ၊ ကျောက်ချက်ကျေးရွာအုပ်စု၊ ပျဉ်းမနားမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ပျဉ်းမနားမြို့နယ် တရားမရုံးတော်က ချပေးသည့်ဒီကရီကို ဦးစိန်လှိုင်က အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၊ ထိုအယူခံမှုကို ၂၀၁၂ခုနှစ် ဩဂုတ် ၃ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၂ခုနှစ် ဇူလိုင် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**သိန်းထွန်း**
**ခရိုင်တရားသူကြီး**
**နေပြည်တော်ခရိုင်တရားရုံး**

---


## ဝယ်လိုသည်

**CNG Taxi Van**
**သ/အ/၁က မှ ၉က**
**ဖုန်း-၀၉-၅၁၉၂၈၅၇**



## မြေကွက်ရောင်းရန်

သဃ်န်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ၊ ရတနာလမ်းသွယ်၊ ပေ(၃၀×၆၀)မြေကွက်(ဘောက်ထော်ဘူတာအနီး) (အမှန်တကယ် ဝယ်ယူရန် စိတ်ဝင်စားသူများသာ ဆက်သွယ်ပါရန်)

**ဖုန်း-၀၉-၅၁၉၂၈၅၇၊ ၀၉-၈၅၅၀၈၆၃**


## ပျောက်ဆုံးကြောင်း

၁၆-၅-၂၀၀၆ ရက်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၀၉/၂၀၀၆-၂၀၀၇ဖြင့် မှတ်ပုံတင်ထားသော စိုင်းတစ် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းမှတ်ပုံတင်လက်မှတ် (ထ·သ·က)၂၀၀၁၅သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပါရန်။

**ဦးစိုင်းတစ် ဖုန်း-၀၉-၅၂၅၀၂၁၈**

## ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းအမှတ် ၂၃ အိုင်၊ မြေကွက်အမှတ် ၈၊ မြေကွက်တည်နေရာအမှတ် ၁၂၇၊ ၄ဝါလမ်း၊ အလုံမြို့နယ်၊ ဦးသန့်ကြီးနှင့် ဒေါ်စာမ အမည်ပေါက် နှစ် ၉၀မြေငှားဂရန်မြေအား အမည်ပေါက် ဦးသန့်ကြီးနှင့် ဒေါ်စာမတို့ ကွယ်လွန်ခဲ့ကြပြီး သားဦးညွန့်ရင်နှင့် ဇနီးဒေါ်စိန်ဥ၊ သမီးများဖြစ်သော ဒေါ်တင်အိ၊ ဒေါ်အုန်းကြည်၊ ဒေါ်ခင်စန်းတို့သည် အမျိုးကြီးများဘဝဖြင့် အသီးသီး ကွယ်လွန်ခဲ့ကြရာ ဦးညွန့်ရင်-ဒေါ်စိန်ဥတို့၏သမီး ဒေါ်နွဲ့နွဲ့ရီ ၁၂/အလန(နိုင်)၀၂၉၇၀၁နှင့် သားဦးတင်အုန်း ကွယ်လွန်သဖြင့် ဇနီးဒေါ်အေးသန်း ၁၂/သကတ(နိုင်)၀၃၄၂၈၀က မြေတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ ၅ ရပ်ကွက်၊ နိုင်ငံတော်စီမံချက်အရ ၇-၅-၂၀၀၉ တွင် စိမ့်ပန်းမြိုင် သမ္မတပိုင်မြေမှကျူးကျော်ဖယ်ရှားခံရသဖြင့် ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်-တ/၄၁၁၅ရပ်ကွက်၊ မြေကွက်အမှတ်-၂၃၈၁ (က+ခ)အား ဦးလှမြင့်နှင့်ဦးတင့်ဝေ(ဥက္ကဋ္ဌ)အရဏ်ဦးစိုက်ပျိုးမွေးမြူရေးသမအသင်းမှ မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ၁၄ရက်အတွင်း ဤဌာနသို့လာရောက်ဆက်သွယ်ပါရန်နှင့်သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၃၊ မြေကွက်အမှတ် ၂၁၉/၁၊ မြေကွက်တည်နေရာအမှတ် ၂၁၉/၁၊ ဇီဝစိုးလမ်း၊ ၁၄/၂ ရပ်ကွက်၊တောင်ဥက္ကလာပ အရာခံဗိုလ်မောင်ပါ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် အရာခံဗိုလ်မောင်ပါထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဖြင့်ဝယ်ယူခဲ့သူ ဦးခင်အောင်ဇော် ၁၂/ဥကတ(နိုင်)၀၁၈၀၇၃က ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့တင်ပြ၍ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး

## မြန်မာ–ကမ္ဘောဒီးယား နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့သည် ဇူလိုင် ၁၃ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ခေတ္တတည်းခိုသည့် ဆီရမ်ရိမြို့ Sokha Angkor Resort Hotel ၌ တွေ့ဆုံ၍ အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကျိုးတူ ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၌ ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက် စာမျက်နှာ ၈ ကော်လံ ၁ ❍



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့ ဆီရမ်ရိမြို့ Sokha Angkor Resort Hotel ၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံ

## မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဖော်ဆောင်ရေး ရင်းနှီးခင်မင်စွာဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်တို့သည် ဇူလိုင် ၁၃ ရက် ညနေ ၃ နာရီခွဲတွင် ခေတ္တတည်းခိုသည့် ဆီရမ်ရိမြို့ Sokha Angkor Resort Hotel ၌ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတကြီး၏ ထိုင်းနိုင်ငံခရီးစဉ်နှင့်စပ်လျဉ်းသည်များ၊ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် Sanction များ ရုပ်သိမ်းရေးအတွက် ထိုင်းနိုင်ငံမှ ထောက်ခံပေးခဲ့မှုများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကြောင့် အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံတကာမှ ထိတွေ့ဆက်ဆံမှု များပြားလာမှုများ၊ အမေရိကန်မှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန် ပြင်ဆင်နေမှုများ၊ မြန်မာနိုင်ငံထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံပိုမိုပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စရပ်များ စသည်တို့နှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချိုထွန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## အမေရိကန်-အာဆီယံ စီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ကျင်းပသည့် အမေရိကန်-အာဆီယံ စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့နံနက် စာမျက်နှာ ၈ ကော်လံ ၃ ❒

**အချပ်ပို သုံးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် “မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကြမ်း” အချပ်ပို သုံးမျက်နှာ ပါရှိပါသည်။



**ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ကျင်းပသည့် အမေရိကန်-အာဆီယံ စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်      ။)

၁၃၇၄ ခုနှစ်၊      လ      ရက်

(၂၀၁၂ ခုနှစ်၊      လ      ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်း ဖြစ်ပါသည်။**

# ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကြမ်း

(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်      ။)

၁၃၇၄ ခုနှစ်၊      လ      ရက်

(၂၀၁၂ ခုနှစ်၊      လ      ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ငွေချေးသက်သေခံလက်မှတ်** ဆိုရာတွင် အောက်ပါတို့ပါဝင်သည်-

(၁) အစိုးရကဖြစ်စေ၊ အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ထုတ်ဝေသည့် သို့မဟုတ် ထုတ်ဝေရန် စီစဉ်ဆောင်ရွက်သည့် ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ငွေချေးစာချုပ်များ နှင့် ဒီဘင်ချာများ၊

(၂) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ နိုင်ငံခြားအစိုးရနှင့် ယင်းတို့၏ အဖွဲ့အစည်းများက ထုတ်ဝေသည့် ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊

(၃) အများနှင့်သက်ဆိုင်သော ကုမ္ပဏီများက ထုတ်ဝေသည့် သို့မဟုတ် ထုတ်ဝေရန် စီစဉ်ဆောင်ရွက်သည့် ရှယ်ယာများ၊ စတော့များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊

(၄) ရှယ်ယာများ၊ စတော့များ၊ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများနှင့် ယင်းတို့နှင့်စပ်ဆိုင်သည့် အခွင့်အရေးများ၊ ရွေးချယ်ခွင့်များနှင့် ဝရန့်များ၊

(၅) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ်ဟု သတ်မှတ်သည့် အခြားငွေချေးသက်သေခံ လက်မှတ်များနှင့် စာချုပ်စာတမ်းများ။

(ခ) **ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း** ဆိုသည်မှာ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ဆောင်ရွက်ခြင်းကို ဆိုသည်-

(၁) ငွေချေးသက်သေခံလက်မှတ်များကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊

(၂) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(၃) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိ ရောင်းချခြင်း၊

(၄) ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအကြံဉာဏ်ပေးခြင်း၊

(၅) ငွေချေးသက်သေခံ လက်မှတ်များအပ်နှံမှု လက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း၊

(၆) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဟု သတ်မှတ်သည့်လုပ်ငန်းဆောင်ရွက်ခြင်း။

(ဂ) **ငွေချေးသက်သေခံလက်မှတ်များ ရောင်းချခြင်း၊ ဝယ်ယူခြင်း** ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီက ကိုယ်ပိုင်ငွေစာရင်းကို အသုံးပြု၍ ငွေချေးသက်သေခံလက်မှတ်များ ရောင်းချခြင်းနှင့် ဝယ်ယူခြင်း တို့ကို ဆိုသည်။

(ဃ) **ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း** ဆိုသည်မှာ မိမိ၏ ဖောက်သည် များကိုယ်စား ငွေချေးသက်သေခံလက်မှတ်များ ရောင်းချခြင်း သို့မဟုတ် ဝယ်ယူခြင်းပြုရာတွင် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ က ကော်မရှင်၊ အခကြေးငွေ သို့မဟုတ် အခြားဝန်ဆောင်ခရယူ၍ ကြားခံအဖြစ် ဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(င) **ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိ ရောင်းချခြင်း** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ ငွေချေးသက်သေခံလက်မှတ် များကို အများပြည်သူသို့ ရောင်းချရာတွင် ငွေချေးသက်သေခံလက်မှတ် အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို တာဝန်ခံ၍ ဆောင်ရွက်ခြင်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေသူက အများ ပြည်သူသို့ ဖြန့်ဖြူးရောင်းချရာတွင် ကူညီဆောင်ရွက်ခြင်းကို ဆိုသည်။

(စ) **ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအကြံဉာဏ်ပေးခြင်း** ဆိုသည် မှာ ငွေချေးသက်သေခံလက်မှတ်များတွင် ရင်းနှီးမြှုပ်နှံမှုအကြံဉာဏ် များကို အခကြေးငွေရယူ၍ ဆောင်ရွက်ပေးခြင်းကို ဆိုသည်။

(ဆ) **ငွေချေးသက်သေခံလက်မှတ်များအပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်း ခြင်း** ဆိုသည်မှာ ဖောက်သည်များမှ အပ်နှံသည့် ငွေချေးသက်သေခံ လက်မှတ်များကို လက်ခံခြင်း၊ ဖောက်သည်များ၏ ငွေချေးသက်သေခံ လက်မှတ်များကို လုံခြုံစွာ သိမ်းဆည်းခြင်း၊ ဖောက်သည်များသို့ ငွေချေး သက်သေခံလက်မှတ်များကို ပေးအပ်ခြင်း၊ ငွေချေးသက်သေခံ လက်မှတ်များနှင့်စပ်လျဉ်း၍ ပိုင်ရှင်၏အခွင့်အရေးများကို အသုံးပြုနိုင် ရန် ဖောက်သည်များကို ကူညီဆောင်ရွက်ပေးခြင်းနှင့် ရောင်းဝယ်မှု ပြီးမြောက်သည့် ငွေချေးသက်သေခံလက်မှတ်များကို ယင်းနှင့် ဆက်နွှယ်မှုရှိသည့် ဝန်ဆောင်မှုများဆောင်ရွက်ပေးခြင်း အပါအဝင် အပြီးသတ်ရှင်းလင်းပေးခြင်းနှင့် ပေးဝေခြင်းတို့ကို ဆိုသည်။

(ဇ) **ငွေချေးသက်သေခံလက်မှတ်ဈေးကွက်** ဆိုသည်မှာ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကို ပုံမှန်လုပ်ကိုင်လျက်ရှိသည့် ဈေးကွက် သို့မဟုတ် နေရာကို ဆိုသည်။ ယင်းစကားရပ်တွင် ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းကို ပုံမှန်လုပ်ကိုင်သည့် စနစ်တစ်ရပ်လည်း ပါဝင်သည်။

(ဈ) **ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ** ဆိုသည်မှာ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကို လုပ်ကိုင်ရန် တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထား သည့် လီမိတက်ကုမ္ပဏီကိုဆိုသည်။

(ည) **စတော့အိပ်ချိန်း** ဆိုသည်မှာ ယင်းစတော့အိပ်ချိန်းတွင် စာရင်းဝင်ရန် အရည်အချင်းပြည့်မီသော ငွေချေးသက်သေခံလက်မှတ်များအတွက် ငွေ ချေးသက်သေခံလက်မှတ်များ ရောင်းဝယ်မှုစနစ်နှင့် နည်းလမ်းများကို ပံ့ပိုးခြင်းဖြင့် စုစည်းဆောင်ရွက်သော ငွေချေးသက်သေခံ လက်မှတ်များ ဈေးကွက်ကိုဆိုသည်။

(ဋ) **ကောင်တာဈေးကွက်** ဆိုသည်မှာ စာရင်းမဝင်သော ငွေချေးသက်သေခံ လက်မှတ်များ ရောင်းဝယ်ခြင်းကို စုစည်းဆောင်ရွက်သည့် ဈေးကွက်ကို ဆိုသည်။

(ဌ) **ရှယ်ယာ** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ မတည်ငွေရင်းတွင် ပါဝင်သည့် အစုရှယ်ယာကို ဆိုသည်။ ယင်းစကားရပ်တွင် ရှယ်ယာနှင့်စတော့ကို ခွဲခြားဖော်ပြခြင်းမဟုတ်လျှင် စတော့လည်း ပါဝင်သည်။

(ဍ) **ဝရန့်** ဆိုသည်မှာ သတ်မှတ်ထားသောနေ့တွင် သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ကိုင်ဆောင်ထားသူက အချိုးကျရှယ်ယာပမာဏကို ဝယ်ယူ ပိုင်ခွင့်ရှိသည့် ငွေချေးသက်သေခံလက်မှတ်ကို ဆိုသည်။

(ဎ) **ပဋိညာဉ်မှတ်တမ်း** ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များကို ရောင်းခြင်း၊ ဝယ်ခြင်းနှင့်စပ်လျဉ်း၍ အကျိုးဆောင် သို့မဟုတ် ကိုယ်စား လှယ်အဖြစ် ဆောင်ရွက်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီက ယင်း၏ဖောက်သည်နှင့် ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေသည့် ကုမ္ပဏီများသို့ပေးပို့သည့် ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်မှု ပြီးမြောက်ကြောင်း အချက်အလက်စုံလင်စွာပါဝင်သည့် အတည်ပြု ရှင်းလင်းချက်ကို ဆိုသည်။

(ဏ) **စာရင်းဝင်ငွေချေးသက်သေခံလက်မှတ်** ဆိုသည်မှာ ရောင်းဝယ်မှု ပြုလုပ်ရန် စတော့အိပ်ချိန်းတွင် မှတ်ပုံတင်ထားသော သို့မဟုတ် တရားဝင် ခွင့်ပြု ထားသော ငွေချေးသက်သေခံလက်မှတ်ကို ဆိုသည်။

(တ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်က ထုတ်ပေးသည့် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်း လိုင်စင်ကိုဆိုသည်။

(ထ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ဆိုသည်။

(ဒ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်တိုးတက်မှုကို အထောက်အကူ ပြုနိုင်ရန်၊

(ခ) နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်လိုအပ်သည့် ငွေကြေးအရင်းအနှီးများ စုစည်းရယူနိုင်မည့် ငွေချေးသက်သေခံလက်မှတ် ဈေးကွက်စနစ်တကျပေါ်ထွန်းစေရန်၊

(ဂ) နိုင်ငံတော်နှင့်ပုဂ္ဂလိကငွေရေးကြေးရေးလုပ်ငန်း စွမ်းဆောင်မှုမြင့်မားလာ စေပြီး စီးပွားရေးကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ထွန်းကားလာစေရန်၊

(ဃ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ချောမွေ့စေရေးနှင့် မှန်ကန်သော နည်းလမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးတို့အတွက် ကြီးကြပ်ကွပ်ကဲ နိုင်ရန်၊

(င) ငွေချေးသက်သေခံလက်မှတ်ဈေးကွက်တွင် ပါဝင်ဆောင်ရွက်သူများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(စ) အများပြည်သူ၏ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရန် အားပေး ခြင်းဖြင့် နိုင်ငံတော်၏ငွေရေးကြေးရေးဆိုင်ရာ မူဝါဒများကို အထောက် အကူပြုနိုင်ရန်။

## အခန်း(၃)
## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

၄။ ဝန်ကြီးဌာနသည်-

(က) သင့်လျော်သည့် ပုဂ္ဂိုလ်အနည်းဆုံး ငါးဦးပါဝင်သော ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ဖွဲ့စည်းရမည်။

(ခ) ကော်မရှင်ကို ဖွဲ့စည်းရာတွင် ကော်မရှင်အဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်းရွေးချယ်ခန့်အပ်ရမည်။

(ဂ) အစိုးရဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များအား ချီးမြှင့်ငွေ သက်မှတ်ခံစားခွင့်ပြုနိုင်သည်။

၅။ (က) ကော်မရှင်အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းနှင့် စပ်လျဉ်း၍ ကော်မရှင် အဖွဲ့ဝင် နှစ်ဦးစီက နှစ်နှစ်လျှင်တစ်ကြိမ် သတ်မှတ်ချက်များနှင့်အညီ အလှည့်ကျ နုတ်ထွက်ပေးရမည်။

(ခ) ဝန်ကြီးဌာနသည် ရာထူးသက်တမ်းကုန်ဆုံးသွားသော ကော်မရှင် အဖွဲ့ဝင်တစ်ဦးဦးအား ဆက်လက်ခန့်အပ်နိုင်သည်။

(ဂ) ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးသည် မိမိ၏ရာထူးသက်တမ်းကုန်ဆုံးသော် လည်း ဝန်ကြီးဌာနက ကော်မရှင်အဖွဲ့ဝင် အသစ်အစားထိုးခန့်အပ် ခြင်းမပြုမီ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်။

၆။ ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်၏ စီမံခန့်ခွဲရေးအကြီးအမှူးအဖြစ် ဆောင်ရွက်ရမည်။

၇။ ကော်မရှင်သည်-

(က) ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် လျှောက် ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ် ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ရရှိသူက လိုက်နာရမည့် တာဝန်နှင့် စည်းကမ်းချက်တစ်ရပ်ရပ် ကို ဖောက်ဖျက်လျှင် လိုင်စင်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလ သတ်မှတ် ရပ်ဆိုင်းခြင်းပြုနိုင်သည်။

(ဂ) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သက်တမ်း တိုးမြှင့်ပေးနိုင်သည်။

(ဃ) သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ခများ၊ ဒဏ်ကြေးများ ကောက်ခံ ရမည်။

၈။ ကော်မရှင်သည်-

(က) စတော့အိပ်ချိန်းတည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်ပြီး ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) လိုက်နာရမည့် တာဝန်နှင့် စည်းကမ်းချက်တစ်ရပ်ရပ်ကို စတော့ အိပ်ချိန်းက ဖောက်ဖျက်လျှင် ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်းပြုနိုင်သည်။

(ဂ) အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက စတော့အိပ်ချိန်း အား ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်-

(၁) အကြောင်းတစ်ရပ်ရပ်ကြောင့် စတော့အိပ်ချိန်းလုပ်ငန်း ရပ်စဲ သွားခြင်း၊

(၂) စတော့အိပ်ချိန်းကို ဖျက်သိမ်းခြင်း၊

(၃) စတော့အိပ်ချိန်းတွင် သတ်မှတ်ထားသည့် အနည်းဆုံးပါဝင် ရမည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီအရေအတွက် အောက် လျော့နည်းသွားခြင်း၊

(၄) အခန်း(၉)ပါ တားမြစ်သည့်အပြုအမူများအရ အများပြည်သူ အကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို သိသာထင်ရှားစွာ ထိခိုက်နစ်နာစေသော လုပ်ငန်းကို ဆောင်ရွက်ခြင်း။

(ဃ) စတော့အိပ်ချိန်း၏ ဖွဲ့စည်းပုံစည်းမျဉ်းများနှင့် ယင်းဖွဲ့စည်းပုံစည်းမျဉ်း များ ပြင်ဆင်ချက်တို့ကို စိစစ်ပြီး ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် အတည်ပြုချက်ပေးနိုင်သည်။

(င) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီနှင့် စတော့အိပ်ချိန်း၏ စာရင်း စစ် ခန့်ထားရေးအတွက် တင်ပြချက်ကို စိစစ်ပြီး အတည်ပြုချက်ပေးနိုင် သည်။

၉။ ကော်မရှင်သည် စာရင်းမဝင်သော ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ရေးအတွက် ကောင်တာဈေးကွက်တည်ထောင်ခွင့်ပြုရန် ဖွဲ့စည်းပုံ စည်းမျဉ်းနှင့်အတူ သတ်မှတ်ချက်များနှင့်အညီ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ များက စုပေါင်း၍ လျှောက်ထားလာလျှင် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်။

၁၀။ ကော်မရှင်သည်-

(က) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် သက်ဆိုင်သော ကိစ္စရပ် များနှင့် စပ်လျဉ်း၍ လိုအပ်သည့် အကြံဉာဏ်များကို ဝန်ကြီးဌာနသို့ တင်ပြနိုင်သည်။

(ခ) လိုအပ်သော ကော်မတီများ၊ အဖွဲ့များကိုဖွဲ့စည်းပြီး ယင်းတို့၏လုပ်ငန်း တာဝန်များကို သတ်မှတ်ပေးနိုင်သည်။

(ဂ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုဖြစ်စေ၊ စတော့အိပ်ချိန်းကို ဖြစ်စေ၊ ကောင်တာဈေးကွက်ကိုဖြစ်စေ လိုအပ်သလို ညွှန်ကြားနိုင် သည်။

(ဃ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲမှု များနှင့် အခါအားလျော်စွာ စုံစမ်းမှု၊ စစ်ဆေးမှုများ ပြုလုပ်ရမည်။

(င) ဝန်ကြီးဌာနက ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင် ရမည်။

၁၁။ ကော်မရှင်သည် အောက်ပါအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား ယင်းတို့၏ လုပ်ငန်းဆိုင်ရာစာရင်းများကို မြန်မာနိုင်ငံ စာရင်းကိုင်စံများနှင့်အညီ စာရင်း ထိန်းသိမ်းစေရန် ကြီးကြပ်ရမည့်အပြင် ယင်းတို့ထံမှ လိုအပ်သောစာရင်းများ၊ စာရွက် စာတမ်းများ၊ ရှင်းတမ်းများ၊ အခြားအထောက်အထားများနှင့် သတင်းအချက်အလက် များကို တောင်းခံရယူနိုင်သည်။

(က) အများနှင့်သက်ဆိုင်သောကုမ္ပဏီ

(ခ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ

(ဂ) ကောင်တာဈေးကွက်

(ဃ) စတော့အိတ်ချိန်း

(င) အများနှင့်သက်ဆိုင်သောကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၊ ကောင်တာဈေးကွက်နှင့် စတော့အိပ်ချိန်းတစ်ခုခု၏ တာဝန်ရှိသူ၊ အဖွဲ့ဝင်၊ ဝန်ထမ်းနှင့် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသူ သို့မဟုတ် ဆောင်ရွက်ခဲ့ဖူးသူ၊

*အချပ်ပို (ခ) သို့*

*အချပ်ပို (က) မှ*

(စ) လိုင်စင်ရရှိသူ သို့မဟုတ် ယင်းလိုင်စင်ရရှိသူ၏ ရှေ့နေ၊ စာရင်းစစ်နှင့် ကိုယ်စားလှယ်။

၁၂။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းကိုလည်းကောင်း၊ နိုင်ငံတကာမှ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ကြီးကြပ်သောအဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းတို့နှင့် ဆက်နွှယ်သောလုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းကိုလည်းကောင်း ဆောင်ရွက်နိုင်သည်။

၁၃။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လုပ်ကိုင်သူများက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း ဖောက်ဖျက်ကျူးလွန်ကြောင်းယုံကြည်ရန် အကြောင်းရှိလျှင် သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် စပ်လျဉ်း၍ လိမ်လည်မှုဖြစ်စေ၊ မသမာမှုဖြစ်စေ ကျူးလွန်ကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် သက်ဆိုင်သည့်မည်သူ့ကိုမဆို ခေါ်ယူခွင့်၊ စစ်ဆေးမေးမြန်းခွင့် ရှိသည်။

၁၄။ ကော်မရှင်အဖွဲ့ဝင် သို့မဟုတ် ကော်မရှင်၏ ဝန်ထမ်းတစ်ဦးဦးသည် လုပ်ငန်းတာဝန်များ ဆောင်ရွက်စဉ် ရရှိသော သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမှတစ်ပါး အခြားမည်သူ့ကိုမျှ ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမပြုဘဲ လျှို့ဝှက်ထားရမည်။

## အခန်း(၄)
## ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ

၁၅။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအဖြစ်တည်ထောင်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လုပ်ကိုင်လိုသူသည် မြန်မာနိုင်ငံကုမ္ပဏီများ အက် ဥပဒေ သို့မဟုတ် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေနှင့်အညီ ကုမ္ပဏီကို ဖွဲ့စည်း၍ မှတ်ပုံတင်ထားပြီးဖြစ်ရမည်။

၁၆။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကို ဖွဲ့စည်းရာတွင်-

(က) ကုမ္ပဏီ၏ အမည်၌ "ငွေချေးသက်သေခံလက်မှတ်များ" ဟူသော စကားရပ်ပါရှိရမည်။

(ခ) အစုရှယ်ယာအားဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီအဖြစ် ဖွဲ့စည်းရမည်။

(ဂ) သတ်မှတ်ချက်များနှင့်အညီ အနည်းဆုံးခွင့်ပြုမတည်ငွေရင်းနှင့် ထည့်ဝင်ပြီး မတည်ငွေရင်း ရှိရမည်။

(ဃ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ချက်များနှင့်လည်း ညီညွတ်ရမည်။

၁၇။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ကော်မရှင်က ထုတ်ပေးသော ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆိုင်ရာ လိုင်စင်တစ်မျိုးမျိုးရရှိလျှင် လိုင်စင် အမျိုးအစားအလိုက် ခွင့်ပြုထားသော ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၁၈။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် မိမိတို့၏ ရောင်းဝယ်သူများနှင့်ဆက်ဆံရာတွင် လုပ်ငန်းကျွမ်းကျင်မှု၊ တရားမျှတမှု ရှိရမည့်အပြင် သဘောရိုးဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၉။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်-

(က) ကုမ္ပဏီ၏ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆိုင်ရာ စာရင်းနှင့် မှတ်တမ်းများကို သတ်မှတ်ချက်များနှင့်အညီ ပြုစုထိန်းသိမ်းထား ရှိရမည်။

(ခ) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းစစ်ကို ခန့်ထားခြင်းမပြုမီ ကော်မရှင်၏ ကြိုတင်အတည်ပြုချက်ကို ရယူရမည်။

(ဂ) စာရင်းစစ်အစီရင်ခံစာကို ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ ပေးပို့ရမည်။

(ဃ) ကော်မရှင်၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မတည်ငွေရင်းကို လျှော့ချခြင်း မပြုရ။

(င) လစဉ်လုပ်ငန်းအစီရင်ခံစာနှင့် ကော်မရှင်က သတ်မှတ်သည့် အခြားအစီရင်ခံစာများကို သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ ပေးပို့ရမည်။

(စ) ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ခြင်း ပြီးမြောက်သောအခါ ထိုသို့ လဲလှယ်ရောင်းဝယ်ခြင်းပြီးမြောက်ကြောင်း ပဋိညာဉ်မှတ်တမ်းကို မိမိကုမ္ပဏီကဆောင်ရွက်ပေးခဲ့သည့် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသို့ သတ်မှတ်ချက်များနှင့်အညီ ပေးပို့ရမည်။

၂၀။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်-

(က) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ဆောင်ရွက်ရာတွင် အခန်း(၉)ပါ တားမြစ်သည့်အပြုအမူများအရ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို မထိခိုက်စေရ။

(ခ) မိမိ၏ကိုယ်စားလှယ်မှတစ်ပါး အခြားမည်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမျှ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို မိမိကုမ္ပဏီ၏ အမည်ဖြင့် လုပ်ကိုင်ခွင့်မပြုရ။

၂၁။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ တာဝန်ရှိသူ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသည် ကော်မရှင်၏ခွင့်ပြုချက်မရရှိဘဲ အခြားငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွင်ဖြစ်စေ၊ အခြားကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတွင်ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

၂၂။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်-

(က) နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးတိုင်း အသားတင်အမြတ်ငွေထဲမှ အထူးသီးသန့်ငွေတစ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ စုဆောင်းထားရှိရမည်။

(ခ) စုဆောင်းထားရှိသော အထူးသီးသန့်ငွေအား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးရှုံးနစ်နာမှုတစ်ရပ်ရပ်ကို ပေးလျော်ရန်ကိစ္စအတွက်သာ သုံးစွဲရမည်။ အခြားကိစ္စအတွက် သုံးစွဲလိုပါက ကော်မရှင်၏စာဖြင့် ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

## အခန်း(၅)
## လိုင်စင်

၂၃။ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေချေးသက်သေခံလက်မှတ်များ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်း လိုင်စင်၊

(ခ) ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ် လုပ်ငန်းလိုင်စင်၊

(ဂ) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိ ရောင်းချခြင်းလုပ်ငန်းလိုင်စင်၊

(ဃ) ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှု အကြံဉာဏ်ပေးခြင်း လုပ်ငန်းလိုင်စင်၊

(င) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင်၊

(စ) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းအတွက် လိုင်စင်။

၂၄။ ကော်မရှင်သည် လိုင်စင်အမျိုးအစားအလိုက် လိုအပ်သော အရည်အချင်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ရမည်။

၂၅။ အောက်ပါလိုင်စင်တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက် ပို၍ဖြစ်စေ ရရှိရန် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကသာလျှင် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်-

(က) ငွေချေးသက်သေခံလက်မှတ်များ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်း လိုင်စင်၊

(ခ) ငွေချေးသက်သေခံလက်မှတ်အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ် လုပ်ငန်းလိုင်စင်၊

(ဂ) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိ ရောင်းချခြင်းလုပ်ငန်းလိုင်စင်။

၂၆။ (က) ပုဒ်မ ၂၅ ပါ လိုင်စင်တစ်မျိုးမျိုးရရှိထားသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှု အကြံဉာဏ်ပေးခြင်းလုပ်ငန်းကို သီးခြားလိုင်စင်ရယူရန်မလိုဘဲ လုပ်ကိုင်နိုင်သည်။

(ခ) သတ်မှတ်ထားသည့် အရည်အချင်းများ၊ စည်းကမ်းချက်များနှင့်ညီညွတ်သောပုဂ္ဂိုလ်သည် ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှု အကြံဉာဏ်ပေးခြင်းလုပ်ငန်းလိုင်စင်ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၇။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်လိုသူသည် ယင်းကုမ္ပဏီ၏ထောက်ခံချက်ပူးတွဲ၍ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ၏ ကိုယ်စားလှယ်လိုင်စင်ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၈။ ကော်မရှင်သည် လိုင်စင်လျှောက်လွှာလက်ခံရရှိသည့်အခါ လိုင်စင်အမျိုးအစားအလိုက် သတ်မှတ်ထားသော အရည်အချင်းများ၊ စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိမရှိ စိစစ်ပြီး-

(က) လိုင်စင်ထုတ်ပေးသင့်ကြောင်း တွေ့ရှိပါက သတ်မှတ်ထားသည့် လိုင်စင်ခကို ပေးသွင်းစေပြီး အမျိုးအစားအလိုက် စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ထုတ်ပေးရမည်။

(ခ) လိုအပ်ချက်များနှင့် သတင်းအချက်အလက်များကို လိုင်စင်လျှောက်ထားသူထံမှ တောင်းယူနိုင်သည်။

(ဂ) လိုင်စင်ထုတ်ပေးရန်မသင့်ကြောင်းတွေ့ရှိပါက လိုင်စင်ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

၂၉။ ကော်မရှင်သည် ထုတ်ပေးထားသည့် လိုင်စင်များနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ထားရှိရမည်။

၃၀။ လိုင်စင်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှ နှစ်နှစ်ဖြစ်စေရမည်။

၃၁။ လိုင်စင်ရရှိသူသည် ခွင့်ပြုထားသည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ ကော်မရှင်သို့ လျှောက်ထားရမည်။

၃၂။ ကော်မရှင်သည် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးသင့်ကြောင်း တွေ့ရှိလျှင်-

(က) လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ လျှောက်ထားခြင်းဖြစ်ပါက သတ်မှတ်ထားသည့် လိုင်စင်သက်တမ်း တိုးမြှင့်ခကို ပေးသွင်းစေပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးရမည်။

(ခ) လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ လျှောက်ထားခြင်းမဟုတ်ပါက သတ်မှတ်ထားသည့် ဒဏ်ကြေးနှင့်လိုင်စင်သက်တမ်းတိုးမြှင့်ခကို ပေးသွင်းစေပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးရမည်။

၃၃။ လိုင်စင်ရရှိသူသည်-

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) လိုင်စင်စည်းကမ်းများကို လိုက်နာရမည်။

(ဂ) ရရှိထားသောလိုင်စင်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုရ။

၃၄။ (က) လိုင်စင်ရရှိသူသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ဆောင်ရွက်မှုရပ်စဲသွားလျှင်ဖြစ်စေ၊ ဆက်လက်လုပ်ကိုင်ခြင်းမပြုတော့လျှင်ဖြစ်စေ လိုင်စင်ကို ကော်မရှင်သို့ ပြန်လည်အပ်နှံရမည်။

(ခ) ကော်မရှင်သည် လိုင်စင်ရရှိသူက ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ဆောင်ရွက်မှု ရပ်စဲသွားလျှင်ဖြစ်စေ၊ ဆက်လက်လုပ်ကိုင်ခြင်းမပြုတော့လျှင်ဖြစ်စေ လိုင်စင်ကို ပယ်ဖျက်နိုင်သည်။

၃၅။ အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ကော်မရှင်သည် လိုင်စင်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း ပြုနိုင်သည်။

(က) လိုင်စင်ရရှိသူက လိုင်စင်စည်းကမ်းချက်တစ်စုံတစ်ရာကို ကျူးလွန်ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ခြင်း၊

(ခ) လိုင်စင်ရရှိသူက လိုင်စင်ကိုတစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း၊

(ဂ) လိုင်စင်ရရှိသူက ဤဥပဒေ သို့မဟုတ် ဤဥပဒေအရထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအရ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဃ) လိုင်စင်ရရှိသူသည် သေဆုံးခြင်း၊ ရူးသွပ်ခြင်း သို့မဟုတ် ကြွေးမြီအပြည့်အဝမဆပ်နိုင်သူအဖြစ် ခံယူသည့်အခြေအနေသို့ ရောက်ရှိနေခြင်း သို့မဟုတ် အခန်း(၉)ပါ တားမြစ်သည့်အပြုအမူများအရ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေခြင်း၊

(င) လိုင်စင်ရရှိသူက ဘဏ္ဍာရေးနှင့် လုပ်ငန်းဆိုင်ရာစာရင်းများကို မမှန်မကန်ပြုစုခြင်းနှင့် တင်ပြအစီရင်ခံခြင်း၊

(စ) လိုင်စင်ရရှိသူသည် လိမ်လည်မှု၊ အလွဲသုံးစားမှု၊ ခိုးမှု၊ ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု သို့မဟုတ် ကိုယ်ကျင့်တရားနှင့်သက်ဆိုင်သော ပြစ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(ဆ) လိုင်စင်ရရှိသူက ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ရပ်စဲခြင်း သို့မဟုတ် မိမိ၏ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို အခြားလုပ်ငန်းအဖွဲ့အစည်းနှင့် ပူးပေါင်းဖွဲ့စည်းခြင်း၊

(ဇ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် ယင်းကုမ္ပဏီပိုင်ပစ္စည်းများအား တရားရုံးက ဝရမ်းကပ်ထားခြင်း၊ ပစ္စည်းထိန်းခန့်ထား၍ ထိန်းသိမ်းထားခြင်း။

## အခန်း(၆)
## ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေခြင်း

၃၆။ အများနှင့်သက်ဆိုင်သောကုမ္ပဏီသည်-

(က) ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ မည်ကဲ့သို့ ကမ်းလှမ်းမည်ဖြစ်ကြောင်း ကော်မရှင်သို့ တင်ပြပြီး၊ အတည်ပြုချက်ရယူရမည်။ ကော်မရှင်သည် ရက်ပေါင်း ၆၀ အတွင်း အဆုံးအဖြတ်ပေးရမည်။

(ခ) အများပြည်သူသို့ ကမ်းလှမ်းရောင်းချသည့်အခါ ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့်အတူ ကုမ္ပဏီ၏ အရေးကြီးသောအချက်အလက်များပါဝင်သည့် အလားအလာညွှန်းတမ်းကိုပါ ထုတ်ပြန်ကြေညာရမည်။

(ဂ) မိမိကုမ္ပဏီ၏ ဘဏ္ဍာရေးအစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ နှစ်စဉ်အစီရင်ခံရမည်။

၃၇။ ကော်မရှင်သို့ အများနှင့်သက်ဆိုင်သောကုမ္ပဏီများက ငွေချေးသက်သေခံလက်မှတ်များ အသစ်ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

၃၈။ အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ်ဈေးကွက်တွင် မိမိကုမ္ပဏီက ထုတ်ဝေသည့် ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်မှုပြီးမြောက်ကြောင်း သက်ဆိုင်ရာ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများက ပဋိညာဉ်မှတ်တမ်းပေးပို့၍ လက်ခံရရှိသည့်အခါ ဝယ်ယူသူက လက်ရှိအစုရှယ်ယာဝင်၏အမည်မှ ၎င်း၏အမည်သို့ ပြောင်း၍ မှတ်ပုံတင်ပေးရန် တောင်းဆိုလာလျှင် အမည်ပြောင်း၍ မှတ်ပုံတင်ပေးရမည်။

## အခန်း(၇)
## စတော့အိပ်ချိန်း

၃၉။ စတော့အိပ်ချိန်းသည်-

(က) ကော်မရှင်ထံမှ ခွင့်ပြုချက်ရရှိပြီးနောက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီအက်ဥပဒေများအရပေးရန် တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီ သို့မဟုတ် ဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းတည်ထောင်သော အဖွဲ့အစည်း ဖြစ်သည်။

(ခ) ယင်းစတော့အိပ်ချိန်းတွင် စာရင်းဝင်ငွေချေး သက်သေခံလက်မှတ် ရောင်းဝယ်မှုများကို စုစည်းဆောင်ရွက်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

(ဂ) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိသည့် လုပ်ငန်းကို ဆောင်ရွက်ရမည်။

(ဃ) ကော်မရှင်၏စီမံအုပ်ချုပ်မှုနှင့် ကြီးကြပ်ကွပ်ကဲမှုအောက်တွင်ရှိရမည်။

၄၀။ (က) စတော့အိပ်ချိန်းတွင် ကော်မရှင်က ခန့်အပ်တာဝန်ပေးသော ငါးဦးထက်မပိုသည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့ဝင်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ ဒါရိုက်တာအဖြစ်ထမ်းဆောင်ရန် ရွေးချယ်တင်မြှောက်သည့် ငါးဦးထက်မပိုသော ပုဂ္ဂိုလ်များပါဝင်သည့် ဒါရိုက်တာများအဖွဲ့ကို စတော့အိပ်ချိန်း၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းရမည်။

(ခ) ကော်မရှင်သည် စတော့အိပ်ချိန်း၏ ဒါရိုက်တာများအဖွဲ့တွင် ခန့်အပ်တာဝန်ပေးရာ၌ လုပ်ငန်းဆောင်ရွက်မှု၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် ငွေရေးကြေးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကောင်းမွန် ပြည့်စုံသော အတွေ့အကြုံနှင့် ဗဟုသုတရှိသူများကို ရွေးချယ်ရမည်။

(ဂ) စတော့အိပ်ချိန်း၏ ဒါရိုက်တာများအဖွဲ့သည် ဒါရိုက်တာတစ်ဦးအား ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ရမည်။

(ဃ) စတော့အိပ်ချိန်းတွင်လိုအပ်သော ကော်မတီများကိုဖွဲ့စည်းနိုင်သည်။

(င) စတော့အိပ်ချိန်း၏ ဒါရိုက်တာများအဖွဲ့အတွက် လိုအပ်သောဝန်ထမ်းများကို ခန့်အပ်ရမည်။

၄၁။ (က) စတော့အိပ်ချိန်းသည် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကို ကော်မရှင်က သတ်မှတ်ထားသည့်နေရာတွင်သာ ဆောင်ရွက်ရမည်။

(ခ) ကော်မရှင်၏ခွင့်ပြုမိန့်အရ တည်ထောင်သော စတော့အိပ်ချိန်းမှအပ မည်သူမျှ စတော့အိပ်ချိန်း၏လုပ်ငန်းများနှင့် ထိုသို့ သဘောသက်ရောက်သည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုရ။

*အချပ်ပို (ဂ) သို့*

*အချပ်ပို (ခ) မှ*

၄၂။ စတော့အိပ်ချိန်းသည်-
- (က) ကော်မရှင်၏ ကြိုတင်ခွင့်ပြုချက်ဖြင့် စာရင်းစစ်ကိုခန့်ထားရမည်။
- (ခ) စာရင်းစစ်ဆေးမှု အစီရင်ခံစာကို ကော်မရှင်သို့ နှစ်စဉ်တင်ပြရမည်။

၄၃။ ဒါရိုက်တာများအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-
- (က) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို စီမံခန့်ခွဲခြင်း၊
- (ခ) မိမိစတော့အိပ်ချိန်းတွင် ရောင်းဝယ်နိုင်မည့် စာရင်းဝင်ငွေချေးသက်သေခံ လက်မှတ်များအတွက် “စံ” များ သတ်မှတ်ခြင်း၊
- (ဂ) မိမိစတော့အိပ်ချိန်းတွင် ရောင်းဝယ်မည့်ငွေချေးသက်သေခံလက်မှတ်များကို မှတ်ပုံတင်ထားရှိခြင်း၊
- (ဃ) မိမိစတော့အိပ်ချိန်းတွင် ရောင်းဝယ်မှုပြီးမြောက်ခဲ့သည့် ငွေချေးသက်သေခံ လက်မှတ်အရောင်းအဝယ်မှတ်တမ်းများကို ပြုစုထားရှိခြင်း၊
- (င) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့်သက်ဆိုင်သော အချက်အလက်များကို မှတ်တမ်းပြုစုထားခြင်း၊
- (စ) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများက ပေးရမည့် အဖွဲ့ဝင်ကြေး၊ ရှယ်ယာစာရင်းဝင်ကြေး၊ သီးသန့်ရန်ပုံငွေနှင့် အခြားဝန်ဆောင်ခများကို သတ်မှတ်ခြင်းနှင့် ယင်းငွေများကို စနစ်တကျထိန်းသိမ်းထားရှိပြီး ဖွဲ့စည်းပုံစည်းမျဉ်းနှင့်လုပ်ငန်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ စီမံခန့်ခွဲခြင်း၊
- (ဆ) လိုအပ်သောဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးခြင်း။

၄၄။ ဒါရိုက်တာများအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
- (က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုက မိမိစတော့အိပ်ချိန်းတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊
- (ခ) စတော့အိပ်ချိန်းအတွက် အနည်းဆုံးထားရှိရမည့် အဖွဲ့ဝင်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအရေအတွက်ကို သတ်မှတ်ပေးခြင်း၊
- (ဂ) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ အခွင့်အရေးနှင့်တာဝန်များကို သတ်မှတ်ပေးခြင်း၊
- (ဃ) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်မှုရှိ မရှိ စစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်း၊
- (င) လုံလောက်သောအကြောင်းရှိပါက မိမိစတော့အိပ်ချိန်း၏ ရောင်းဝယ်မှုများကို ယာယီရပ်ဆိုင်းခြင်းနှင့် အဖွဲ့ဝင်တစ်ဦးဦး၏ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများကို ယာယီတားမြစ်ခြင်း၊
- (စ) စတော့အိပ်ချိန်းတွင် ဆက်လက်၍ပါဝင်ဆောင်ရွက်ရန်မသင့်သော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကို အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊
- (ဆ) အဖွဲ့ဝင်အချင်းချင်းဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦးနှင့် အခြားပုဂ္ဂိုလ်များ အကြားဖြစ်စေ ငွေချေးသက်သေခံ လက်မှတ်ရောင်းဝယ်ခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ပါက ဖြေရှင်းဆုံးဖြတ်ပေးခြင်း။

၄၅။ (က) စတော့အိပ်ချိန်းသည် မိမိ၏ ဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်လျှင် သို့မဟုတ် အသစ်ရေးဆွဲလျှင်ဖြစ်စေ၊ လုပ်ငန်းဆိုင်ရာစည်းမျဉ်းကို ပြင်ဆင်လျှင် သို့မဟုတ် အသစ်ရေးဆွဲလျှင်ဖြစ်စေ အတည်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ လျှောက်ထားရမည်။
- (ခ) ကော်မရှင်သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက ပြင်ဆင်ဖြည့်စွက်ချက်ကို မှတ်တမ်းပြုစုထားရှိရမည်။

## အခန်း(၈)
## ကောင်တာဈေးကွက်

၄၆။ ကောင်တာဈေးကွက်တည်ထောင်လိုသည့် သုံးခုအောက်မနည်းသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် ကော်မရှင်သို့ စုပေါင်းလျှောက်ထားပြီး ခွင့်ပြုချက်ရရှိသည့်အခါ ကောင်တာဈေးကွက်ကို တည်ထောင်နိုင်သည်။

၄၇။ ကော်မရှင်၏ ခွင့်ပြုချက်အရတည်ထောင်သော ကောင်တာဈေးကွက်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

၄၈။ (က) ဤဥပဒေနှင့်အညီ ကောင်တာဈေးကွက်ကို တည်ထောင်ပြီးနောက် တည်ထောင်သောအဖွဲ့ဝင်များမှ ရွေးချယ်တင်မြှောက်သည့် ငါးဦးထက်မပိုသော အဖွဲ့ဝင်များပါဝင်သည့် ကောင်တာဈေးကွက်၏ ဒါရိုက်တာအဖွဲ့ကို ထားရှိရမည်။
- (ခ) ကောင်တာဈေးကွက်၏ ဒါရိုက်တာများသည် ဥက္ကဋ္ဌတစ်ဦးကို ရွေးချယ်ရမည်။

၄၉။ ကောင်တာဈေးကွက်သည် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ကောင်တာဈေးကွက်၏ စည်းမျဉ်းစည်းကမ်းများ၊ ငွေချေးသက်သေခံလက်မှတ်များ ကြီးကြပ်ရေးကော်မရှင်က သတ်မှတ်သည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၅၀။ ကောင်တာဈေးကွက်၏ လုပ်ငန်းဆောင်ရွက်မှုသည် အခန်း(၉)ပါ တားမြစ်သည့် အပြုအမူများအရ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထင်ရှားစွာထိခိုက်နစ်နာစေလျှင် ကော်မရှင်သည် ကောင်တာဈေးကွက်အား ထုတ်ပေးထားသည့်ခွင့်ပြုမိန့်ကို ရုပ်သိမ်းနိုင်သည်။

## အခန်း(၉)
## တားမြစ်သည့် အပြုအမူများ

၅၁။ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေသော တားမြစ်သည့်အပြုအမူများမှာ အောက်ပါတို့ဖြစ်သည်-
- (က) ငွေချေးသက်သေခံလက်မှတ်များနှင့် ငွေချေးသက်သေခံလက်မှတ်ဈေးကွက်တွင် လုပ်ဆောင်မှုများဖြစ်သော ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း၊ စာရင်းဝင်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ရောင်းဝယ်မှုပြုခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုခြင်း၊ ဝန်ဆောင်မှုပေးခြင်းများနှင့်စပ်လျဉ်း၍ လှည့်စားမှု သို့မဟုတ် လွှမ်းမိုးမှုကို ကြီးမားစွာဖြစ်စေသည့် လိမ်လည်ခြင်းဖြစ်စေ၊ လှည့်စားခြင်းဖြစ်စေ၊ မှားယွင်းသည့် ဖော်ပြချက်များပြုလုပ်ခြင်းဖြစ်စေ၊ အရေးကြီးသောအချက်အလက်များကို ထိမ်ချန်ထားခြင်းဖြစ်စေ ပြုရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ပတ်သက်ခြင်း၊
- (ခ) ငွေချေးသက်သေခံလက်မှတ်များကို ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် အခြားသူများကို လှုံ့ဆော်မှု သို့မဟုတ် သွေးဆောင်ဖြားယောင်းမှုပြုရန် အလို့ငှာ မမှန်ကန်သော သတင်းအချက်အလက်များကို ဖွင့်ဟအသိပေးခြင်း၊ သို့မဟုတ် ဈေးကွက်အတွင်းရှိ ငွေချေးသက်သေခံလက်မှတ်များ၏ ဈေးနှုန်းကို ကြီးမားစွာသက်ရောက်မှုရှိစေသည့် မပြည့်စုံသော၊ အချိန်အခါမသင့်သော သတင်းအချက်အလက်များကို ဖွင့်ဟအသိပေးခြင်း၊
- (ဂ) မိမိ၏ကိုယ်ပိုင်စာရင်းအတွက် သို့မဟုတ် အခြားပုဂ္ဂိုလ်များအတွက် ငွေချေးသက်သေခံလက်မှတ်များဝယ်ယူခြင်း၊ ရောင်းချခြင်းပြုရန် အတွင်း သတင်းအချက်အလက်များကို အသုံးပြုခြင်းဖြစ်စေ၊ အတွင်းသတင်းအချက်အလက်များကို ဖွင့်ဟအသိပေးခြင်း သို့မဟုတ် ထုတ်ပေးခြင်းဖြစ်စေ၊ ဖွင့်ဟအသိပေးခြင်းမရှိသည့် အတွင်းသတင်းအချက်အလက်များကို အခြေခံ၍ အခြားပုဂ္ဂိုလ်များအား ငွေချေးသက်သေခံလက်မှတ်များဝယ်ယူရန် သို့မဟုတ် ရောင်းချရန် အကြံဉာဏ်များပေးခြင်းဖြစ်စေ ပြုလုပ်ခြင်း၊
- (ဃ) မမှန်ကန်သော ရောင်းလိုအားနှင့် ဝယ်လိုအားကိုဖန်တီး၍ ငွေချေးသက်သေခံလက်မှတ်များကို ဝယ်ယူခြင်း၊ ရောင်းချခြင်းပြုလုပ်ရာတွင် ပူးပေါင်းကြံစည်ခြင်း၊ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ၏ ဈေးနှုန်းကို ကြိုးကိုင်ခြယ်လှယ်ရန် အခြားသူများနှင့် ပူးပေါင်းကြံစည်၍ သို့မဟုတ် အခြားသူများအား သွေးဆောင်ဖြားယောင်း၍ စဉ်ဆက်မပြတ် ဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် ရောင်းဝယ်မှုနည်းလမ်းများကို အသုံးပြုခြင်း။

## အခန်း(၁၀)
## ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်း

၅၂။ (က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ်အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်လိုပါက ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ လျှောက်ထားရမည်။
- (ခ) ကော်မရှင်သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီးနောက် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်။

၅၃။ စတော့အိပ်ချိန်းသည် ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်လိုပါက ကော်မရှင်၏ခွင့်ပြုမိန့် ရယူရန်မလိုဘဲ လုပ်ကိုင်နိုင်သည်။ သို့ရာတွင် ထိုလုပ်ငန်းများကို လုပ်ကိုင်ပါက ကော်မရှင်သို့ အကြောင်းကြားရမည်။

၅၄။ ဝန်ကြီးဌာနသည် ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်းကို လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်ပါက သင့်လျော်သည့် ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား စည်းကမ်းချက်များ သတ်မှတ်၍ တာဝန်ပေးနိုင်သည်။

## အခန်း(၁၁)
## အယူခံခြင်း

၅၅။ အောက်ပါ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့အယူခံနိုင်သည်-
- (က) ကော်မရှင်က ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ဂ) သို့မဟုတ် ပုဒ်မ ၃၅ အရ လိုင်စင်နှင့်စပ်လျဉ်း၍ ချမှတ်သောဆုံးဖြတ်ချက်၊
- (ခ) ဒါရိုက်တာများအဖွဲ့က ပုဒ်မ ၄၄ အရဆောင်ရွက်ရာ၌ ချမှတ်သော ဆုံးဖြတ်ချက်၊
- (ဂ) ကော်မရှင်က ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)အရ စတော့အိပ်ချိန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်ရုပ်သိမ်းသည့်ဆုံးဖြတ်ချက်။

၅၆။ ပုဒ်မ ၅၅ အရ အယူခံတင်သွင်းရာတွင် ချမှတ်သော ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၇။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သော သက်ဆိုင်သည့် မည်သူမဆို အခန်း(၉)ပါ တားမြစ်သည့်အပြုအမူများအရ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်နစ်နာစေရန်ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅၈။ မည်သူမဆိုလိုင်စင်မရှိဘဲ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရသည်။

၅၉။ မည်သူမဆို ကော်မရှင်၏ ခွင့်ပြုမိန့်မရရှိဘဲ စတော့အိပ်ချိန်း သို့မဟုတ် ကောင်တာဈေးကွက်ကို ဖွဲ့စည်းတည်ထောင်ကြောင်းသော်လည်းကောင်း၊ စတော့အိပ်ချိန်း သို့မဟုတ် ကောင်တာဈေးကွက်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြောင်းသော်လည်းကောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၀။ မည်သူမဆို ခွင့်ပြုမိန့်ရရှိထားသော စတော့အိပ်ချိန်း သို့မဟုတ် ကောင်တာဈေးကွက်၏အမည်ကို ခွင့်ပြုချက်မရရှိဘဲ အသုံးပြုကြောင်းသော်လည်းကောင်း၊ စတော့အိပ်ချိန်း သို့မဟုတ် ကောင်တာဈေးကွက်၏ အဖွဲ့ဝင်အဖြစ် အယောင်ဆောင်ကြောင်းသော်လည်းကောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၁။ မည်သည့်ကော်မရှင်အဖွဲ့ဝင် သို့မဟုတ် ကော်မရှင်၏ဝန်ထမ်းမဆို လုပ်ငန်းတာဝန်များဆောင်ရွက်စဉ် ရရှိသော သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမှတစ်ပါး အခြား မသက်ဆိုင်သူတစ်ဦးဦးကို ထုတ်ဖော်ပြောဆိုကြောင်း၊ ပြသကြောင်း သို့မဟုတ် ထုတ်ပြန်ကြေညာကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၂။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခု၏ မည်သည့်တာဝန်ရှိသူ သို့မဟုတ် ဝန်ထမ်းမဆို ကော်မရှင်၏ခွင့်ပြုချက်မရရှိဘဲ အခြားငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီတွင်ဖြစ်စေ၊ အခြားကုမ္ပဏီတွင်ဖြစ်စေ၊ အခြားစီးပွားရေးအဖွဲ့အစည်းတွင်ဖြစ်စေ ပါဝင်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၁၃)
## အထွေထွေ

၆၄။ ဤဥပဒေ ပုဒ်မ ၆၂ နှင့် ပုဒ်မ ၆၃ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၅။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုကို ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်တရားရုံးတွင်မျှ စစ်ဆေးစီရင်ပိုင်ခွင့် မရှိစေရ။

၆၆။ မြန်မာနိုင်ငံတွင် ငွေချေးသက်သေခံလက်မှတ်ဈေးကွက်တည်ထောင်ရန်နှင့် လေ့ကျင့်ပျိုးထောင်ပေးရန်အလို့ငှာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ဤဥပဒေနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုနိုင်မီ ကူးပြောင်းဆဲကာလအတွင်း အောက်ပါအတိုင်း ကျင့်သုံးဆောင်ရွက်ရမည်-
- (က) ဝန်ကြီးဌာနသည် ကူးပြောင်းဆဲကာလတစ်ခုကို သတ်မှတ်ပေးရမည်။ လိုအပ်ပါက ယင်းကူးပြောင်းဆဲကာလကို စတော့အိပ်ချိန်းတည်ထောင်ဖွဲ့စည်းပြီးသည့်အချိန်အထိ တိုးမြှင့်နိုင်သည်။
- (ခ) မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ဝန်ကြီးဌာနသည် မြန်မာ့စီးပွားရေးဘဏ်အား ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အဖွဲ့အစည်းတစ်ခုခုနှင့် ဖက်စပ်ကုမ္ပဏီ ဖွဲ့စည်းစေပြီး စတော့အိပ်ချိန်းနှင့် ကောင်တာဈေးကွက်လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ခွင့်ပြုနိုင်သည်။

၆၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-
- (က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
- (ခ) ဝန်ကြီးဌာနနှင့်ကော်မရှင်တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

15-7 (C).pmd 1 7/14/2012, 4:51 AM